ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့၊ (15-1-2004)(၄၁၁၆)

ပုဗ္ဗေ စ ကတပုညတာ တော် မင်္ဂလ မုတ္တမံ။	ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဇန်နဝါရီ ၁၂ရက်က ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပမည့် တနင်္သာရီတိုင်း ကော့သောင်းခရိုင် လန်ပိကျွန်းအနီး ဗိုလ်ချိုကျွန်းပေါ်ရှိ မကြိုဂလက်ကျေးရွာမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆလုံ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

(သတင်းစဉ်)

အောက်ခြေတာဝန်ရှိသူများ ကျေးလက်ဒေသများသို့ အခါမလပ်သွားရောက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ပြည်ထောင်စုကြီး မျှတစွာ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲမည် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ဆောင်ရွက်

ရန်ကုန်   ဇန်နဝါရီ   ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီ ၁၂ရက် နံနက် ၇နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ထားဝယ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က ထားဝယ်ခရိုင်အတွင်း မြေအသုံးချမှု၊ မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်မှု၊ မိုးစပါးစိုက်ဧက ရိတ်သိမ်းမှုနှင့် ထွက်ရှိမှု၊ နွေစပါး စိုက်ပျိုးဧက၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ဆီအုန်း၊ ရော်ဘာ၊ ရေတိုကောင်းအပင်များ စိုက်ပျိုးထားမှုနှင့် ဆက်လက် တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ ငါးဖမ်း လိုင်စင် ထုတ်ပေးမှု၊ ငါးဖမ်းနိုင်မှုနှင့် ဝင်ငွေရရှိမှု၊ သစ်တောထိန်းသိမ်းမှု၊ ခဲမဖြူ၊အဖြိုက်နက်နှင့် ရောရာ သတ္တုများ ထုတ်လုပ်နိုင်မှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု၊ လမ်းပန်း ဆက်သွယ်ရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်တကွ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ကာလအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများ ပံ့ပိုးစီမံဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း။

မိမိတို့သည် ထားဝယ်ဒေသသို့ ယမန်နေ့ကပင် ရောက်ရှိခဲ့ပြီး ထားဝယ်ဒေသ လောင်းလုံမြို့နယ် အစွန်အဖျား ကျေးလက်ဒေသများအထိ ကားဖြင့်သွားရောက်ကာ ကျေးလက်နေ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ဆလုံကျွန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၈၃၅၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး **H.E. Mrs. Meng Xiao Si** နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး **H.E. Mrs. Meng Xiao Si** နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧေယျာသီရိဗိမာန်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mrs. Meng Xiao Si နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် သံရုံးအဖွဲ့ဝင်များလည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror
ကျန်းမာရေးအသိပညာများ ကျေးလက်အရောက်ဖြန့်ဝေ ရောဂါကာကွယ်ရေးနှင့် ကုသရေး အလေးထား ကြိုးပမ်းဆောင်ရွက်

၁၅-၁-၂၀၀၄ (ကြာသပတေးနေ့)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး ဘက်စုံထောင့်စုံက ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသော ဦးတည်ချက် (၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် ဦးတည်ချက်တစ်ရပ်ပါရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ကျန်းမာရေးအဆင့်အတန်းမြင့်တင်ရန်နှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး ဦးတည်ချက်ဖြင့် ကျန်းမာရေးစီမံကိန်းများကို စနစ်တကျ ချမှတ်ဆောင်ရွက်နေသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများအဖြစ် ၂၀၃၀ ပြည့်နှစ်အတွက် မြန်မာနိုင်ငံ ကျန်းမာရေးမျှော်မှန်းချက်၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း (ကျန်းမာရေးကဏ္ဍ)၊ ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း၊ ဆေးရုံများအဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် အမျိုးသားကျန်းမာရေးစီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါ စီမံကိန်းများအရ ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပေးခြင်း၊ တိုးချဲ့ခန့်ထားခြင်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနေသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကျိုင်းတုံမြို့တွင် ခေတ်မီခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို ၂၀၀၃ခုနှစ် မေလ ၁၈ရက်က ဖွင့်လှစ်ပေးခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီလ ၉ရက်နေ့က ကျိုင်းတုံမြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာကြားခဲ့သည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင် **ပြည်သူများ အသက်ရှည်ကျန်းမာစွာနေနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက မိမိကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်သကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စေတနာထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပြုရာတွင် မြို့ပေါ်ဆေးရုံ၊ ဆေးခန်း၌သာမဟုတ် ကျေးလက်ဒေသအောက်ခြေအထိဆင်းကာ ကျန်းမာရေးအသိပညာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရေး၊ ရောဂါကာကွယ်တားဆီးရေးနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသပေးခြင်းတို့ကို အလေးအနက်ထား ဆောင်ရွက်ကြရေး** ပြောကြားသွားသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသည့် ကျန်းမာရေးမူဝါဒ ရည်မှန်းချက်နှစ်ရပ် ချမှတ်ဆောင်ရွက်နေသည်။ အဆိုပါ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆေးတက္ကသိုလ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ကာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးအသိပညာများကို ကျေးလက်ဒေသများအရောက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရင်း ရောဂါကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများကို အလေးထား ကြိုးပမ်းဆောင်ရွက်သွားရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူငယ်ဘောလုံးသမားများ ခြေစမ်းမည်

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းကျင်းပမည့် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းစတက် (BIMSTEC) ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်လေ့ကျင့်နေသော လူငယ်ဘောလုံးအသင်း ခြေစမ်းဘောလုံးပြိုင်ပွဲကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၅ရက်တွင် အသက်(၁၈)နှစ်အောက် လူငယ်လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်(ခ)အသင်းတို့သည်လည်းကောင်း၊ ဇန်နဝါရီ ၁၇ရက်တွင် အသက်(၁၈)နှစ်အောက် လူငယ်လက်ရွေးစင်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့သည်လည်းကောင်း၊ ဇန်နဝါရီ ၁၉ရက်တွင် အသက်(၁၈)နှစ်အောက် လူငယ်လက်ရွေးစင်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့သည် လည်းကောင်း လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ညနေ ၃နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဂိတ်ဝင်ကြေးမှာ အထူးတန်းကျပ် ၅၀၀နှင့် ရိုးရိုးတန်း ကျပ် ၂၀၀ ဖြစ်သည်။ (သတင်းစဉ်)

အမေရိကန်တပ်ဖွဲ့များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများ အရှိန်အဟုန် မြင့်မား

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဇန်နဝါရီ ၁၂ရက်က လမ်းဘေး၌ ထောင်ထားသော ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားပြီး အမေရိကန်တပ်ဖွဲ့ ဝင်တစ်ဦးသေဆုံးခဲ့ရာ အီရတ်စစ်ပွဲ စတင်ချိန်မှစ၍ ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးခဲ့ရသမျှမှာ ၅၀၀ဦးနီးပါးထိ ရောက်ရှိလာပြီဖြစ်သည်။

ထိုစဉ်အတွင်း မြို့တော်ဘဂ္ဂဒက်အနောက်ဘက်တွင် အမေရိကန် ကြည်းတပ်မှ အပါချီအမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှု ဖြစ်ပေါ်ခဲ့ပြန်သည်။အီရတ်လူမျိုး ခုခံတွန်းလှန်ရေးသမားများ၏ လက်ချက်ကြောင့် ရဟတ်ယာဉ်ပျက်ကျရသည်ဟု ယူဆရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး၌ ဇန်နဝါရီ ၈ ရက်က ဘလက်ဟော့ခ် အမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံးခဲ့ရပြီးနောက် ဇန်နဝါရီ ၁၂ ရက်က အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးရသည့်ဖြစ်ရပ် ထပ်မံပေါ်ပေါက်ခဲ့ရာ အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးခဲ့ရမှုမှာ ၄၉၆ ဦး ရှိပြီဖြစ်သည်။

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ဇန်နဝါရီ ၁၂ ရက်က အမေရိကန်စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းကို ပစ်မှတ်ထားသည့် လမ်းဘေး ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့သေးသည်။

ဤဖော်ပြပါ ဖြစ်ရပ်များက ကျူးကျော်သူ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များကို ခုခံတွန်းလှန်တိုက်ခိုက်မှုများမှာ အရှိန်အဟုန်မြင့်မားနေဆဲပင် ဖြစ်ကြောင်း ပြဆိုလျက်ရှိသည်။

ဇန်နဝါရီ ၁၂ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့တွင် နေအိမ်တစ်လုံးအတွင်းသို့ ဝင်ရောက်ရှာဖွေနေသော အမေရိကန်ကြည်းတပ် အမှတ်(၁)ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျံသန်း

အီရတ်နိုင်ငံရှိ ရှေးဟောင်းမြို့တစ်မြို့ ဖြစ်သော ဘာဘီလုံမြို့အနီး အမေရိကန် စစ်အခြေစိုက်စခန်း၏ ဝေဟင်တွင် ပျံသန်းလာသည့် အပါချီအမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်းကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၁၃ရက်က ရာမာဒီမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် အသက် ၁၀နှစ်အရွယ်ရှိ ကလေးတစ်ဦး အပါအဝင် အီရတ်လူမျိုးခြောက်ဦး သေဆုံးခဲ့ရသည့်ဖြစ်ရပ်တွင် ပစ်ခတ်ခံရသော ကားကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝန်းရံထား

ဇန်နဝါရီ ၁၃ရက်က မြို့တော်ဘဂ္ဂဒက် အနောက်ဘက်ရှိ ဖော်လူဂျာမြို့အနီးတွင် အီရတ်ပြောက်ကျားများ၏ ပစ်ခတ်မှုကြောင့် ပျက်ကျခဲ့သော အမေရိကန်ကြည်းတပ်မှ ဒလက်မရှိတော့သည့် အပါချီအမျိုးအစား စစ်ရဟတ်ယာဉ်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်စစ်ပွဲတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ဗီယက်နမ်စစ်ပွဲ ပထမသုံးနှစ်ကာလကထက် ပိုမိုများပြား

ဒိုဗာဒါလာဝါရီ ဇန်နဝါရီ ၁၃

ရိုက်တာသတင်းဌာနသည် အီရတ်စစ်ပွဲတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ စာရင်းကို ပင်တဂွန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်များမှ ရယူလေ့လာလျက်ရှိသည်။ ထိုလေ့လာမှုများအရ ၂၀၀၃ ခုနှစ် နိုဝင်ဘာလထိ အီရတ်စစ်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်စာရင်းသည် ဗီယက်နမ်စစ်ပွဲ ပထမသုံးနှစ်တာကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်စာရင်းထက်ပင် ပိုမိုများပြားနေကြောင်း တွေ့ရသည်ဟုဆိုသည်။

ယခုအခါ အမေရိကန်၏ လက်ရှိ သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်သည် နောက်တစ်ကြိမ် သမ္မတအရွေးခံရရေး အတွက် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိသည်။

ပူပင်နေရ

လက်ရှိ ဖြစ်ပွားလျက်ရှိသော အီရတ်စစ်ပွဲမှာလည်း အမေရိကန်တို့ အတွက် စစ်ပွဲကာလ ကြာညောင်းပြီး စစ်ညွှန်နစ်မည့်အရေး တွေး၍ ပူပင်နေရသည်။

သို့ဖြစ်၍ အီရတ်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် အကျအဆုံး ကိန်းဂဏန်းသည် သမ္မတဘုရှ်အပေါ် လူထုထောက်ခံမှု အခြေအနေကို ခြိမ်းခြောက်နိုင်သော အနေအထားတွင် ရှိသည်ဟုဆိုသည်။

လက်ခံနေဖွယ်

အမေရိကန် ပြည်သူလူထုသည် အီရတ်၌ တရားဝင် အီရတ်အစိုးရ ပေါ်ပေါက်လာရေး လုပ်ဆောင်ရာ၌ တိုးတက်မှုများ ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေသေးသမျှ လူထုအနေဖြင့် တပ်ဖွဲ့ဝင် အကျအဆုံး အခြေအနေကို လက်ခံနေဖွယ်ရာရှိသည်ဟု ကာရာဖာနိုက ပြောကြားသည်။

၎င်းသည် ဟာဗတ်တိတ်အဖွဲ့အစည်းမှ မူဝါဒရေးရာလေ့လာဆန်းစစ်သူတစ်ဦး ဖြစ်သည်။ ယခင်က အမေရိကန် အသေအပျောက်စာရင်းကို သတင်းစာ များ၏ ခေါင်းကြီး ရှေ့မျက်နှာစာတွင် ဖော်ပြနေခဲ့ရာမှ ယခုအခါ အတွင်း စာမျက်နှာများဖြစ်သော စာမျက်နှာ (၄)သို့မဟုတ်(၅)သို့ပြောင်း၍ ဖော်ပြ လျက်ရှိကြောင်း တွေ့လာရသည်ဟု ဂျိမ်းစ်ကာရာဖိုနာက ဆက်လက်ပြော ကြားသည်။

သယ်ယူလေ့ရှိ

အမေရိကန် ဒိုဗာလေတပ်စခန်းသို့ နိုင်ငံခြားစစ်ပွဲများ၌ သေဆုံးရသော တပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများကို သတ္တုသေတ္တာတွင်ထည့်ပြီး ပြန်လည် သယ်ယူလာလေ့ရှိသည်။

ဆက်လက်ကျင့်သုံး

ထိုသို့ သယ်ယူလာသည်ကို သတင်း ထောက်များက သတင်းမယူနိုင်စေရန် သမ္မတဘုရှ်က ၁၉၉၁ ခုနှစ် ကာလက စတင်၍ ပိတ်ပင်ခဲ့သည်။ ထိုအမိန့်ကို ၎င်း၏သား သမ္မတဘုရှ်၏ လက်ထက် ၌လည်း ယမန်နှစ် မတ်လမှစ၍ ဆက်လက်ကျင့်သုံးခဲ့သည်။

ထိုသို့သတင်းမယူနိုင်စေရန် ပိတ်ပင် ထားရခြင်းမှာ သေဆုံးသူ တပ်ဖွဲ့ဝင် များ၏ ဆွေမျိုးသားချင်းများ၏ ဆန္ဒ အရ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်မှ အရာရှိများက ဆိုသည်။

ဝေဖန်သုံးသပ်

သို့ရာတွင် မူဝါဒလေ့လာဆန်းစစ်သူ များက အစိုးရက ယခုကဲ့သို့ တားမြစ် ထားခြင်းမှာ လူထုက သေဆုံးသူ တပ်ဖွဲ့ ဝင်များကို တွေ့ခွင့်ရကြလျှင် စစ်ပွဲ ဆိုင်ရာ အစိုးရ၏မူဝါဒပေါ် ထောက်ခံမှု လျော့လာမည်ကို စိုးရိမ်သောကြောင့် ဖြစ်ကြောင်း ဝေဖန်သုံးသပ်ကြသည်။

အမေရိကန်လေတပ်မှ အငြိမ်းစား ဗိုလ်မှူးကြီး ဆမ်ဂါဒီနာကလည်း ၎င်း၏ အမြင်မှာလည်း အထက်ပါ အတိုင်းရှိကြောင်းကို ထုတ်ဖော်ပြော ကြားခဲ့သည်။ ***အင်တာနက်။***

ခေါ်ဆောင်

ဇန်နဝါရီ၁၃ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ အမေရိကန်အခြေစိုက် စခန်းတွင် အီရတ်နိုင်ငံသားတစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးရန် ခေါ်ဆောင်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ကိုကျူးကျော်မှု မဟာဗျူဟာ မှားယွင်းမှုဖြစ် သမ္မတဘုရှ်၏လုပ်ရပ် ပရမ်းပတာနိုင်

မောင်ဂိုမာရီ ဇန်နဝါရီ ၁၃

အမေရိကန်သမ္မတဘုရှ်၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲမှာ ပရမ်းပတာနိုင်ပြီး အီရတ် နိုင်ငံအား ကျူးကျော်ခြင်းမှာ စစ်မဟာဗျူဟာ မှားယွင်းမှုတစ်ရပ်ဖြစ်ကြောင်း ကြည်းတပ် စစ်ကောလိပ်က ထုတ်ဝေသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

အန္တရာယ်ရှိ

မောင်ဂိုမာရီရှိ မက်ဆွဲလေတပ်စခန်းရှိ လေတပ် စစ်ကောလိပ် ပါမောက္ခဂျက်ဖရီရက်ကော့ ပြုစုသည့် အဆိုပါ သုတေသနစာတမ်းက သမ္မတ၏ မဟာ ဗျူဟာမှာ လက်တွေ့ဆောင်ရွက်နိုင်သည်ထက်ပို၍ မျှော်လင့်ထားပြီး အမေရိကန်တပ်များကို နည်းနည်း ဖြင့် ကျဲကျဲဝိုင်းနေရသည့်အတွက် အန္တရာယ်ရှိ ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ပွဲတွင် အီရတ်စစ်ပွဲကြောင့် အာရုံပျက်သွားစေသည်ဟု ဆိုသည်။

ထုတ်ဝေ

ဂျက်ဖရီရက်ကော့သည် ပင်ဆယ်ဗေးနီးယား ပြည်နယ် ကာလစ်ဆယ်ရှိ ကြည်းတပ်စစ်ကောလိပ် တွင် ဧည့်ပါမောက္ခတစ်ဦးဖြစ်သည်။ အဆိုပါ သုတေသနစာတမ်းကို ကြည်းတပ်စစ်ကောလိပ်၏ မဟာဗျူဟာ လေ့လာရေးဌာနက လွန်ခဲ့သည့်လတွင် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

မဟာဗျူဟာလေ့လာရေးဌာနကို စစ်ရေးကိစ္စ များအပေါ် ပညာရှင်ရှုထောင့်မှ လွတ်လွတ်လပ်လပ် ဝေဖန်သုံးသပ်နိုင်စေရန် သမ္မတအိုက်စင်ဟောင်ဝါက စတင်ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း မဟာဗျူဟာ လေ့လာရေးဌာန ညွှန်ကြားရေးမှူး ဒေါက်ဂလပ် လပ်လေ့ချူနီမာက ပြောကြားသည်။

အာရုံစိုက်သင့်

အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ ဦးတည် ချက်မှာ များပြားကျယ်ပြန့်လွန်းကြောင်း၊ အမေရိကန် နိုင်ငံကို ခြိမ်းခြောက်သည့် အယ်လ်ခိုင်ဒါနှင့် အခြား သော အကြမ်းဖက်သမားများကို အာရုံစိုက်သင့် ကြောင်း ဂျက်ဖရီရက်ကော့က သုံးသပ်ကာ ကောက်ချက်ချလိုက်သည်။ ***အင်တာနက်။***

အီရတ်တွင် သတင်းထောက်အဖွဲ့ အဖမ်းခံရမှု ရိုက်တာသတင်းဌာနက တရားဝင် တိုင်တန်း

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး ရဟတ်ယာဉ်တစ်စင်း ပျက်ကျပြီးသည့် နောက် ရိုက်တာသတင်းထောက်အဖွဲ့ကို ဖမ်းဆီးပြီး ၎င်းတို့အပေါ် ပြုမူဆက်ဆံပုံ များနှင့် ပတ်သက်၍ ရိုက်တာသတင်းဌာနက အမေရိကန်စစ်ဘက်အား တနင်္လာနေ့တွင် တရားဝင် တိုင်တန်းလိုက်သည်။

တနင်္လာနေ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ယင်းတိုင်တန်းမှုနှင့် စပ်လျဉ်း၍ မေးမြန်းရာတွင် ယင်းဖြစ်ရပ်ကို စစ်ဆေးနေကြောင်း၊ စုံစမ်းမှုမပြီးမီ တာဝန်ရှိသူများ၏ သုံးသပ်ချက်များကို ထုတ်ပြန်ကြေညာဦးမည်မဟုတ်ကြောင်း အမေရိကန်စစ်တပ်က ပြောကြားသည်။

နိုင်ငံတကာသတင်းနှင့်ပြန်ကြားရေးကုမ္ပဏီဖြစ်သည့် ရိုက်တာသတင်း ဌာနက ယင်းကိစ္စနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ အလျင်အမြန် စစ်ဆေးကာ အသေးစိတ် တုံ့ပြန်ဖြေကြားရန် တိုက်တွန်းထားသည်ဟု ရိုက်တာသတင်းဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇန်နဝါရီ ၁၂ရက်က ဘဂ္ဂဒက်မြို့ တစ်ဝိုက်တွင် လုံခြုံရေးစောင့်ကြပ် နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သမ္မတ ဂျော့ဂျ် ဒဗလျူ ဘုရှ်ကို ထပ်မံတင်မြှောက်ရန်မသင့် ဘဏ္ဍာရေးလုပ်ငန်းရှင် ဂျော့ဂျ်ဆိုရော့စ် ဝေဖန်ပြောဆို

ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်သည် ကမ္ဘာတစ်ခွင် ကြီးစိုးလိုသော စိတ်ကူးယဉ် အိပ်မက်နောက် ကောက်ကောက်ပါအောင် လိုက်နေသူဖြစ်ကြောင်း သန်းကြွယ်သူဌေးတစ်ဦးဖြစ်သူ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ မန်နေဂျာ ဂျော့ဂျ်ဆိုရော့စ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။ ၎င်းသည် အမေရိကန်သမ္မတဘုရှ် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် သမ္မတအဖြစ် ပြန်လည်အရွေးမခံရရေးအတွက် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာကို အသုံးပြု၍ ပိတ်ပင်တားဆီးရန် ကြိုးပမ်း နေသူဖြစ်သည်။

ဘဏ္ဍာရေးလုပ်ငန်းရှင် ဂျော့ဂျ်ဆိုရော့စ်သည် ဘုရှ်အစိုးရ၏ နိုင်ငံတကာမူဝါဒများအား စာရေးဆရာကြီးဂျော့ဂျ်အိုဝဲ၏ "တိရစ္ဆာန်မွေးမြူရေးခြံ"စာအုပ်နှင့် ပုံခိုင်းပြောကြားသည်။ အဆိုပါစာအုပ်တွင် မွေးမြူရေးခြံမှ တိရစ္ဆာန်များသည် အားလုံးတူညီကြကြောင်း၊ သို့ရာတွင် အင်အားကြီးသူများက ၎င်းတို့၏လုပ်ရပ် တရားမျှတကြောင်းကို ဖော်ပြနိုင်ရန် ဥပဒေစည်းကမ်းများကို ၎င်းတို့အလိုကျ ပြောင်းလဲခဲ့သည်ဟု ဖော်ပြထားသည်။

သမ္မတဘုရှ်သည် ကမ္ဘာတစ်ခွင်ကို အမေရိကန်ပြည်ထောင်စုက လွှမ်းမိုးရန် စိတ်ကူးယဉ် အိပ်မက်အတိုင်း ဆောင်ရွက်ရေးအတွက် အီရတ်နိုင်ငံကို တိုက်ခိုက်ရန် အကြမ်းဖက်မှုကို အကြောင်းပြချက်တစ်ရပ်အဖြစ် အသုံးပြုခဲ့ကြောင်း ဆိုရော့စ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်စစ်ဘက်ယာဉ်တန်းရာမာဒီမြို့တွင်တိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့များက မဆင်မခြင် ပြန်လည်ပစ်ခတ်

ရာမာဒီ(အီရတ်) ဇန်နဝါရီ ၁၃

အခြေအနေတင်းမာနေသည့် အီရတ်နိုင်ငံရာမာဒီမြို့တွင် အင်္ဂါနေ့က အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်များက အရမ်းကာရော တုံ့ပြန်တိုက်ခိုက်ခဲ့ရာ အီရတ်အရပ်သားခြောက်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ဒေသခံများက ပြောကြားသည်။

ဝေဖန်ပြောကြား

ယင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန် စစ်ဘက်က ရုတ်တရက် ဝေဖန် ပြောကြားခြင်း မရှိသေးပေ။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ မော်တော်ယာဉ်တစ်စီး လမ်းဘေး၌ ထောင်ထားသည့် ဗုံးပေါက်ကွဲထိမှန်သွားပြီးနောက် အရမ်းကာရောပစ်ခတ်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ယင်းဒေသရှိ နေအိမ်များကိုလည်း စီးနင်းရှာဖွေခဲ့ကြသည်။

ရိုက်တာ ရုပ်မြင်သံကြားသတင်းတွင် အရပ်ဘက် သုံးကားများနှင့် နေအိမ်ရှေ့ တံခါးပေါက်များ၏ မျက်နှာစာပေါ်တွင် ကျည်ဆန်ရာ ဗရပွဖြစ်နေပုံများကို ထုတ်လွှင့်ပြသသည်။

ယောကျ်ား တစ်ဦးက မီးဖိုဆောင်တွင်းမှ အိုးခွက်ပန်းကန်ခွက်ယောက်များ တွင် ကျည်ဆန်ထိမှန်ပြီး အပေါက်ဖြစ်နေပုံနှင့် ရုပ်မြင်သံကြား ဖန်သားပြင်ကွဲနေသည်ကို ပြသနေသည့်ပုံကို အဆိုပါ ရုပ်မြင်သံကြားတွင် ပြသသည်။

ရာမာဒီမြို့သည် ဘဂ္ဂဒက်အနောက်ဘက်ရှိ မြို့ဖြစ်ပြီး လူသိများသည့် ဆွန်နီတြိဂံဒေသတွင် ပါဝင်သည်။

ရှာဖွေစီးနင်း

ယင်းဒေသတွင် အမေရိကန် မော်တော်ယာဉ်တန်းများ တိုက်ခိုက်ခံရလေ့ရှိပြီး ရာမာဒီမြို့တွင်းတွင် တွန်းလှန်တိုက်ခိုက်ရေး သမားများအား ရှာဖွေရန် အမေရိကန် တပ်ဖွဲ့ဝင်များက ရှာဖွေစီးနင်းမှုများ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ကြည့်ရှု

ဇန်နဝါရီ ၁၃ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ရုန်းရင်းဆန်ခတ် ဖြစ်ပွားပြီးနောက် ပျက်စီးခဲ့သည့် အီရတ် ထရပ်ကားတစ်စီးအား ဝိုင်းအုံကြည့်ရှုနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်တပ်ကြပ်ကြီးတစ်ဦး အီရတ်စစ်ပွဲတွင်သေဆုံး ကျည်ကာအင်္ကျီအလုံအလောက်မရှိ၍ဟုဆို

လန်ဒန် ဇန်နဝါရီ ၁၃

အီရတ်စစ်ပွဲအစပိုင်းတွင် ကျည်ကာအင်္ကျီမရှိသည့်အတွက် ဗြိတိန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးရသည့် ကိစ္စမှာ ယမန်နေ့ညက ပေါ်ထွက်လာသည်ဟု သိရသည်။ တပ်ကြပ်ကြီး စတီဖင်ရောဘတ် သေဆုံးရသည့်အကြောင်းရင်းကို ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျက်ဟွန်းထံအတိုက်အခံ အမတ်နီကိုလပ်ဆိုမက် ပေးပို့သည့်စာတွင် အတည်ပြုဖော်ပြထားသည်။

ရှင်းပြ

ထိုအဖြစ်အပျက်နှင့်စပ်လျဉ်း၍ စစ်ဝန်ကြီးအင်ဂရက်က ပဏာမ မှတ်ချက်ပေးထားကြောင်းဖြင့် မစ္စတာဆိုမက်က ရှင်းပြသည်။

အခိုင်အမာပြသ

တပ်ကြပ်ကြီး စတီဖင်ရောဘတ်အနေဖြင့် လိုအပ်သည့် အကာအကွယ် ပစ္စည်းများသာရှိလျှင် ယခုကဲ့သို့ အသက်ဆုံးရှုံးရန် အကြောင်းမရှိကြောင်း လေ့လာတွေ့ရှိချက်များက အခိုင်အမာပြသနေသည်ဟု မစ္စတာဆိုမက်က ပြောဆိုသည်။

တပ်ကြပ်ကြီးရောဘတ်မှာ လွန်ခဲ့သည့်နှစ် မတ် ၂၄ ရက်က ရင်ဘတ်တွင် သေနတ်မှန်ခံရသူဖြစ်သည်။ တင့်ကားတပ်ရင်းမှ တပ်ကြပ်ကြီးရောဘတ်အား ၎င်း၏ ကျည်ကာအင်္ကျီမှ ကျည်ကာပြားများကို ခြေလျင်တပ်သားတစ်ဦးထံ လွှဲပေးရန်ပြောခဲ့သည်ဆို၏။

တပ်ကြပ်ကြီးရောဘတ်မှာ အချင်းချင်းမှားယွင်း၍ အပစ်ခံရသူဖြစ်ကြောင်း ကာကွယ်ရေးသတင်းရပ်ကွက်က ပြောဆိုသည်။ ၎င်းသေဆုံးမှုအတွက် ဘုတ်ဖွဲ့စုံစမ်းခြင်းနှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ရေးသားဖော်ပြ

အမှန်မှာ စစ်မြေပြင်တွင် ကျည်ကာအင်္ကျီနှင့် အခြားသော အသက်ကယ်ကိရိယာများ လုံလုံလောက်လောက် မပေးခြင်းကြောင့်ဖြစ်ရပြီး မိမိတို့ ဗြိတိန်တပ်ဖွဲ့ဝင်များအတွက် များစွာအန္တရာယ်များကြောင်း၊ တပ်ကြပ်ကြီး ရောဘတ်ကိစ္စတွင် အသက်ပေးသွားရကြောင်းဖြင့် ကာကွယ်ရေးဝန်ကြီးထံ ပေးပို့သည့်စာတွင် နီကိုလပ်ဆိုမက်က ရေးသားဖော်ပြထားသည်။

အင်တာနက်။

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂလုပ်ငန်းများပြန်လည်ဆောင်ရွက်ရန် စပိန်နှင့် အီရတ်နိုင်ငံခြားရေးဝန်ကြီးတို့က တိုက်တွန်း

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

ကုလသမဂ္ဂသည် အမေရိကန် တပ်ဖွဲ့က သိမ်းပိုက်ထားသည့် အီရတ်နိုင်ငံသို့ အမြန်ဆုံးပြန်လာပြီး အီရတ်ပြည်သူလူထုထံသို့ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေး လုပ်ငန်းကို ကြီးကြပ်ပေးခြင်းဖြင့် ကူညီပံ့ပိုးပေးရန် စပိန်နှင့် အီရတ်နိုင်ငံခြားရေးဝန်ကြီးတို့က တနင်္လာနေ့တွင် တိုက်တွန်းလိုက်ကြသည်။

ကုလသမဂ္ဂနှင့် လုံခြုံရေးကောင်စီတို့အနေဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ကြီးကြပ်၍ စောင့်ကြည့်လေ့လာရန် မိမိတို့က နှိုးဆော်ပါကြောင်းဖြင့် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇီဘာရီက စပိန်နိုင်ငံခြားရေးဝန်ကြီး ပလေစီယိုနှင့် ဘဂ္ဂဒက်မြို့တော်တွင် တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

သဘောထားချင်းတူညီ

ကုလသမဂ္ဂပါဝင်ရမည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ မိမိတို့ သဘောထားချင်း တူညီကြကြောင်း၊ အီရတ်နိုင်ငံသို့ ကုလသမဂ္ဂ ပြန်လည်ရောက်ရှိလာရေးသည် အရေးကြီးကြောင်း ပလေစီယိုက ပြောကြားသည်။

ကုလသမဂ္ဂသည် စစ်မက်ဖြစ်ပွားရာ ဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာ နိုင်ငံများတွင် တာဝန်ဝတ္တရားများ ဆောင်ရွက်လေ့ရှိကြောင်း၊ အီရတ်နိုင်ငံသည် ကုလသမဂ္ဂအတွက် ချွင်းချက်ပြဿနာမဖြစ်သင့်ကြောင်း ဇီဘာရီက ပြောကြားသည်။

စောဒကတက်

ကုလသမဂ္ဂသည် တာဝန်ဝတ္တရားများကို အီရတ်နိုင်ငံ ပြင်ပမှ ထမ်းဆောင်နိုင်သည်ဟူသော ပြောကြားချက်ကို ကိုဖီအာနန်နှင့် အခြားသော ကုလသမဂ္ဂ တာဝန်ရှိပုဂ္ဂိုလ်များက စောဒကတက်ခဲ့ကြပြီး ၎င်းတို့က ကုလသမဂ္ဂ ဝန်ထမ်းများ၏ လုံခြုံရေးနှင့် စပ်လျဉ်း၍ အာမခံချက်များရရှိလိုပြီး အီရတ်နိုင်ငံသို့ ဝန်ထမ်းများ ပြန်လည်မသွားရောက်မီ အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့က ကိုင်တွယ်ဆောင်ရွက်မည့် သဘောထားများကိုလည်း သိရှိလိုကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ပွဲ ၁၀လနီးပါးကာလအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀နီးပါးရှိပြီ

ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်ဦးဆောင်သော တပ်များ အီရတ်ကို ကျူးကျော်စစ် စတင် ဆင်နွှဲသည့် အချိန်မှ ယနေ့အထိ ၁၀လနီးပါးမျှ ကာလအတွင်း အီရတ်၌ သေဆုံးရသော အမေရိကန် တပ်ဖွဲ့ဝင် စုစုပေါင်း ဦးရေသည် ၄၉၆ ဦးထိ ရှိနေပြီ ဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က အတည်ပြုခဲ့သည်ဟု ဆိုသည်။

ပင်တဂွန်က ဖော်ပြသော ထိုနောက်ဆုံး အသေ အပျောက် စာရင်းတွင် ယူအိချ်-၆၀ ဘလက် ဟော့ခ် ရဟတ်ယာဉ် ပျက်ကျ၍ သေဆုံးသွားသော အမေရိကန် တပ်ဖွဲ့ဝင် ကိုးဦးနှင့် အခြားတစ်ဦးတို့၏ စာရင်းများပါ ပါဝင်ကြောင်း သိရသည်။ သေဆုံးခဲ့သော အခြား တပ်ဖွဲ့ဝင် တစ်ဦးမှာ ဇန်နဝါရီ ၇ ရက်က ဘဂ္ဂဒက်တွင် စိန်ပြောင်းဖြင့် အပစ်ခံရစဉ်က သေဆုံးခဲ့ရခြင်း ဖြစ်သည်ဟု ဆိုသည်။

အီရတ် စစ်ပွဲ စတင်ဖြစ်ပွားသော ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်မှ စတင်ပြီး ယနေ့အထိ ကာလအတွင်း ဒဏ်ရာရရှိသူ အမေရိကန် တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၂၈၄၉ ဦးရှိသည်။ ယင်းအနက် ၂၄၆၁ ဦးမှာ တိုက်ခိုက်မှုများကြောင့် ဒဏ်ရာ ရရှိခဲ့ကြသူများ ဖြစ်ကြောင်း ပင်တဂွန် ထုတ်ပြန်ချက်များအရ သိရသည်။

အင်တာနက်။

လိုက်လံရှာဖွေ

ဇန်နဝါရီ ၁၂ရက် စောစောပိုင်းက အီရတ်နိုင်ငံ ရာမာဒီမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စခန်းကို စိန်ပြောင်းဖြင့်ပစ်ခတ်သည်ဟု ယူဆရသည့်နေရာအား အမေရိကန် တပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေနေစဉ်။ *ဓာတ်ပုံ-အင်တာနက်။*

အမှာစကားပြောကြား

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ ဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ပြည်ခိုင်ဖြိုးတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

မြန်မာ့ဆေးပညာလောက၊ မြန်မာ့ကျန်းမာရေးကဏ္ဍ တိုးတက်အောင်မြင်မှုများ အားရဂုဏ်ယူဖွယ်ပေါ်ထွန်း သမိုင်းတွင်ရစ်မည့် ဆေးပညာရပ်ဆိုင်ရာစွမ်းဆောင်မှုအမျိုးမျိုးကို အောင်အောင်မြင်မြင် စွမ်းဆောင်နိုင် ယခင်ခေတ်အခါကရှိခဲ့သည့် ကပ်ရောဂါဆိုးကြီးများ မြန်မာ့မြေပေါ်မှ တဖြည်းဖြည်းပျောက်ကွယ်စပြု

ရန်ကုန် ဇန်နဝါရီ ၁၄

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ကျင်းပသည့် မြန်မာနိုင်ငံ ဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်ဆရာဝန်များ၊ ပြည်ပမှ တက်ရောက်လာကြသည့် မြန်မာဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစဉ်အလာမပျက်ကျင်းပ

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် သက်တမ်းကာလ (၅၅)နှစ်ရှည်ကြာစွာ ရပ်တည်ခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံဆရာဝန်အသင်းကြီး၏ အကြိမ်(၅၀)မြောက် ရွှေရတုဆရာဝန်ညီလာခံကြီးကို ယနေ့ခမ်းနားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံဆရာဝန်အသင်းကြီး၏ အလံတော်အောက်တွင် ဆရာဝန်ကြီးများတစ်သွေးတည်း တစ်သံတည်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ခိုင်ခိုင်မြဲမြဲရပ်တည်ပြီး မိမိနိုင်ငံ မိမိလူမျိုး အကျိုးစီးပွားအတွက် အမျိုးသားရေးစိတ်ဓာတ် တစ်နည်းအားဖြင့်မိသားစုစိတ်ဓာတ်ကိန်းအောင်းနေမှုကြောင့် ဖြစ်သည့်အပြင် အရေးကြီးလျှင် သွေးနီးသည်ဆိုသည့် မြန်မာဆိုရိုးစကားနှင့်အညီ သွေးစည်းညီညွတ်ကြခြင်းဖြစ်ကြောင်း။

မြန်မာ့ဆေးသိပ္ပံပညာ တိုးတက်မြင့်မားအောင်ကြိုးပမ်းရေးနှင့် ဆေးပညာရပ်များဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတို့သည် လူ့ဘဝအတွက် အလွန်မွန်မြတ်သော ရည်ရွယ်ချက်များဖြစ်သည်နှင့်အညီ ကျန်းမာရေးကဏ္ဍ၏ အမျိုးသားရေးအကျိုးစီးပွား ဖော်ဆောင်မြှင့်တင်ရေးရည်မှန်းချက်များလည်းဖြစ်သည်ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

အပြိုင်အဆိုင်ကြိုးပမ်း

ယနေ့နိုင်ငံတကာကိုကြည့်လျှင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကာကွယ်ရေးမျက်နှာစာအသီးသီးမှာ အပြိုင်အဆိုင် မနားမနေ ကြိုးပမ်းဆောင်ရွက်နေကြသည့်မြင်ကွင်းကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မိမိနိုင်ငံ၊မိမိလူမျိုး၏အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး ကြိုးပမ်းဆောင်ရွက်နေကြသည့် အခြေအနေအချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအဖို့ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ နိုင်ငံတကာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိ တင့်တင့်တယ်တယ်ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် သူတစ်ပါးကို အားကိုးမှုထက် မိမိနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ စုစည်းခိုင်မာသော စည်းလုံးမှုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး၍ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

ယင်းအမျိုးသားရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စေရေးအတွက် နိုင်ငံတော် အစိုးရအနေနှင့် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပညာရည်ထူးချွန်ထက်မြက်မှု၊ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မြင့်မားမှု၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာမှုတို့ကို အခိုင်အမာတည်ဆောက်ပေးရင်း စုံရှထက်မြက်သည့် လူမှုရေးစွမ်းအားများအဖြစ် ဖြစ်ထွန်းလာစေရအောင် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

လူမှုရေးအခြေခံကောင်း

မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းမှုသည် မိမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည့် အခြားအခြားသော စွမ်းအားများကိုပါ ပိုမိုပြည့်ဖြိုးခိုင်မာစေရုံမျှမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည့် လူမှုရေးအခြေခံကောင်း တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူအများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လွှမ်းခြုံပေးနိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်စေရန်အတွက် ဆေးသိပ္ပံပညာရပ်များ ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ နိုင်ငံတကာမှာ တိုးတက်ဖြစ်ထွန်းနေသည့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များ၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးကဏ္ဍမှာ အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်စေရအောင်၊ နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင်၊ အရည်အသွေးမြင့်မားပြီး ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနေစေရအောင် နိုင်ငံတော်အစိုးရက စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေခြင်းဖြစ်ကြောင်း။

ဆင့်ပွားပေါ်ထွန်း

နိုင်ငံတော်အစိုးရ၏ စနစ်တကျ ဦးဆောင်စီမံဆောင်ရွက်မှု၊ ဆရာဝန်ကြီးများအပါအဝင် ဆေးဘက်ဆိုင်ရာပညာရှင်ကြီးများ၏ အားထုတ်ကြိုးပမ်းမှု၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုရေးအသင်းအဖွဲ့များအပါအဝင် တစ်မျိုးသားလုံး၏ အားထုတ်ကြိုးပမ်းမှုများပေါင်းဆုံပြီး မြန်မာ့ဆေးပညာလောက မြန်မာ့ကျန်းမာရေးကဏ္ဍ၏ တိုးတက်အောင်မြင်ဖြစ်ထွန်းမှုများသည် အားရဂုဏ်ယူဖွယ် အစီအရီဆင့်ပွားပေါ်ထွန်းလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် သင်ကြားရေးဆေးရုံကြီးများ၊ အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကု ဆေးရုံကြီးများ၊ ခုတင် ၃၅၀ဆံ့၊ ခုတင် ၃၀၀ဆံ့၊ ခုတင် ၂၅၀ဆံ့စသည့် ဆေးရုံကြီးများကို နိုင်ငံနှင့်အဝန်းမှာ တိုးချဲ့ဖွင့်လှစ်ပေးနေသကဲ့သို့ ပြည်နယ်၊ တိုင်းဒေသများအားလုံးနှင့် ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်းမှာ ခုတင် ၂၀၀ဆံ့ အထူးကုဆေးရုံတစ်ရုံစီရှိစေရအောင် တိုးမြှင့်ဖွင့်လှစ်ပေးလျက်လည်းရှိသည့်အတွက် ၁၉၈၈ခုနှစ်ကာလတုန်းက နိုင်ငံတော်အတွင်းတွင် ဆေးရုံပေါင်း ၆၁၇ရုံသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံပေါင်း၇၆၃ရုံအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

ဆရာဝန်အင်အားအနေနှင့် ကြည့်မည်ဆိုလျှင်လည်း ၁၉၈၇ ခုနှစ်ကာလတုန်းက တစ်နိုင်ငံလုံးတွင် ဆရာဝန်စုစုပေါင်း ၁၁၃၀၀ ဦးခန့်နှင့် နိုင်ငံ့ဝန်ထမ်းဆရာဝန်ပေါင်း ၃၂၀၀ ကျော်သာရှိခဲ့ရာမှ ၂၀၀၃ ခုနှစ် မတ်လ အခြေအနေမှာ ဆရာဝန် စုစုပေါင်း ၁၈၀၀၀ ကျော်နှင့် နိုင်ငံ့ဝန်ထမ်း ဆရာဝန်ပေါင်း ၅၀၀၀ နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်းခဲ့

ဆရာဝန်ကြီးများအပါအဝင် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်မွေးထုတ်ပေးနိုင်စေရန်နှင့် အရည်အသွေးမြင့်မားသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရန်အတွက်လည်း ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များကို တိုးချဲ့ထူထောင်ပေးလျက်ရှိကြောင်း၊ ၁၉၈၈ခုနှစ်မှာ ဆေးတက္ကသိုလ်သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု၊ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဘက်ပညာသည် တက္ကသိုလ်နှစ်ခုနှင့် ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်နှစ်ခုအပြင် အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ် စုစုပေါင်း ဆေးဘက်ဆိုင်ရာတက္ကသိုလ် ၁၄ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဆေးသိပ္ပံပညာသင်ကြားရေးတွင် နိုင်ငံတကာအဆင့်မီ ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများ အသုံးချနိုင်စေရေးအတွက် ကျန်းမာရေးကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ရေးဆွဲချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့ဆိုလျှင် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်အသီးသီးတွင် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ၊ အီလက်ထရွန်းနစ်နည်းပညာအခြေပြုသည့် Resource Centre များ၊ e-Library များ တည်ထောင်ပြီးဖြစ်သည့်အပြင်၊ Internet နှင့် Intranet ကွန်ရက်များ ထူထောင်ပေးထားပြီးဖြစ်သည့်အတွက် တစ်နေရာမှာ ခွဲစိတ်ကုသ သင်ကြားပြသနေမှုကို တစ်ချိန်တည်းမှာပင် အဝေးတစ်နေရာက ကြည့်ရှုလေ့လာသင်ယူနိုင်သည့် အခြေအနေမျိုးတွေ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့အပြင် အရည်အသွေးမြင့်မားသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနေသည့်အတွက် ယခင်ခေတ်ကာလက ဘွဲ့လွန်ဒီပလိုမာသင်တန်းတစ်ခုနှင့် မဟာဘွဲ့သင်တန်း ၁၂ခုသာ သင်ကြားပေးနိုင်ခဲ့ရာမှ ယခုဆိုလျှင် ဘွဲ့လွန်ဒီပလိုမာသင်တန်း ခြောက်မျိုးနှင့် မဟာဘွဲ့သင်တန်း ၂၉ မျိုးအထိ လေ့ကျင့်သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

ပေါ်ထွန်းလာခဲ့

ယခင်ခေတ်ကာလကမရှိခဲ့သည့် ပါရဂူဘွဲ့သင်တန်းများဆိုလျှင်လည်း ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ Ph.D သင်တန်းခုနစ်မျိုးနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ Dr. Med. Sc သင်တန်း ၃၀တို့ကို ဖွင့်လှစ်ပေးနေပြီဖြစ်သည့်အတွက် မိမိတို့နိုင်ငံတော် အစိုးရလက်ထက်တွင် မိမိနိုင်ငံအတွင်းပြုစုပျိုးထောင်မွေးထုတ်လိုက်သည့် Ph.D ပါရဂူဘွဲ့ရ ၁၇ဦးနှင့် Dr.Med.Sc ပါရဂူဘွဲ့ရ ၅၅ဦး စုစုပေါင်း ပါရဂူဘွဲ့ရ ပညာရှင် ၇၂ဦး ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် ယူကေနိုင်ငံ တော်ဝင်ကောလိပ်များဖြစ်သည့် တော်ဝင်သမားတော်များ ကောလိပ်၊ တော်ဝင်ကလေးအထူးကု ဆရာဝန်များကောလိပ်၊ တော်ဝင်သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်များ ကောလိပ်နှင့် တော်ဝင်ခွဲစိတ်ကုဆရာဝန်များ ကောလိပ်တို့သို့ MRCP, MRCPH, MRCOG, FRCS နှင့် MRCS ဘွဲ့သင်တန်းများ တက်ရောက်နိုင်စေရန် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

မဟာဒွါရနိကာယ (သာသနာ့ပါလ) စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓမ္မာနုဓမ္မမဟာဒွါရနိကာယ ဂိုဏ်းလုံးဆိုင်ရာ(သာသနာ့ပါလ) စာမေးပွဲကြီးကို ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်၊ ဖေဖော်ဝါရီ၁၅ရက် (တနင်္ဂနွေနေ့)မှစ၍ တပို့တွဲလပြည့်ကျော် ၁၃ရက်၊ ဖေဖော်ဝါရီ ၁၈ရက်(ဗုဒ္ဓဟူးနေ့) အထိ ဘိုကလေးမြို့ ဓမ္မိကာရာမ(ဒွါရ)ကျောင်းတိုက်၊ ဓနုဖြူမြို့ တောင်ပေါ်ကျောင်းတိုက်၊ ပန်းတနော်မြို့ သီဟိုဠ်ကျောင်းတိုက်၊ မွန်ပြည်နယ် ရေးမြို့နယ် ကျောက်မိချောင်းရွာရတနာပုံကျောင်းတိုက် စာဖြေဌာန အသီးသီးတို့မှကျင်းပမည်ဖြစ်ကြောင်းသာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

❐ စာမျက်နှာ ၆ မှ

နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ၁၉၉၁ခုနှစ်နောက်ပိုင်းကာလမှာ မြန်မာဆရာဝန်ကြီးများထဲတွင် MRCP ၈၂ဦး၊ MRCPH ၂၈ဦး၊MRCOG၃၅ဦး၊ FRCS ၇၈ဦးနှင့် MRCS ၁၀ဦး စုစုပေါင်း ၂၃၃ဦး ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အခြေအနေအချိန်အခါကောင်း

ယင်းကဲ့သို့ ဆေးသိပ္ပံပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သည့် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများပေါ်ထွန်းလာနေသည့် အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ခေတ်မီဆေးရုံသုံးပစ္စည်းကိရိယာများ အချိန်နှင့်တစ်ပြေးညီ ရရှိသုံးစွဲနိုင်စေရန် စီမံဖြည့်တင်းပေးလျက်ရှိသည့်အတွက် ယခုဆိုလျှင် ခေတ်မီရောဂါစမ်းသပ်ရှာဖွေကုသရေး ပစ္စည်းကိရိယာများ ထိုက်သင့်အားလျော်စွာ ပြည့်စုံလုံလောက်နေသည်နှင့်အမျှ အဆင့်မြင့်ရောဂါရှာဖွေကုသမှုများကို အောင်အောင်မြင်မြင် ပြုလုပ်နိုင်နေပြီလည်းဖြစ်ကြောင်း။

ယခုအချိန်ကာလတွင် နှလုံးရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသမှုနှင့် ပတ်သက်ပြီး Cardiac Catheteization Unit, Angiogram, Heart Lung Machine စသည့် ခေတ်မီစက်ပစ္စည်းကိရိယာများ၊ ရောဂါစမ်းသပ်ရှာဖွေရေးနှင့် ပတ်သက်ပြီး Magnetic Resonant Imaging , CT Scanner , Gamma Camera Probe Counter, X-Ray Machine With Fluroscopy, Mammogram စသည့် ခေတ်မီပစ္စည်းကိရိယာများ၊ သွေးနှင့် ဆီးရောဂါများနှင့် ပတ်သက်ပြီး Auto- analyzer ၊ အဆင့်မြင့် ခွဲစိတ်ကုသမှုများနှင့် ပတ်သက်ပြီးC-Arm X-Ray with TV System, Hand Surgery Operating Microscope, Eye Operating Microscope, Neuro Surgical Operating Microscope, Ultrasonic Aspirator, Argon Plasmaစသည့် ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများကို တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း။

စီမံဖြည့်ဆည်းပေး

ယင်းကဲ့သို့ ဘက်စုံကဏ္ဍစုံကနေပြီး ကျန်းမာရေးကဏ္ဍကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရအောင် နိုင်ငံတော်အစိုးရက စနစ်တကျနှင့် စီမံဖြည့်ဆည်းဆောင်ရွက်ပေးနေသည်နှင့်အမျှ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးပွားပေါ်ထွန်းလာမှု၊ ဆေးသိပ္ပံပညာရပ်များ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်လာမှု၊ ဆေးရုံကြီးများမှာ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အရည်အသွေးများ တိုးတက်မြင့်မားလာမှု စသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်ကြက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် ခေတ်မီဆေးရုံသုံးပစ္စည်းကိရိယာများ အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုနိုင်မှုနှင့် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၏ ထူးချွန်ထက်မြက်မှု၊ ကြိုးပမ်းအားထုတ်မှုများ ပေါင်းစည်းပြီး သမိုင်းတွင်ရစ်မည့် ဆေးပညာရပ်ဆိုင်ရာ စွမ်းဆောင်မှု အမျိုးမျိုးကို အောင်အောင်မြင်မြင် စွမ်းဆောင်နိုင်လျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ကုသပေးနိုင်ပြီ

ဥပမာပြောရမည်ဆိုလျှင် နှလုံးရပ်ခွဲစိတ်ကုသမှု(Open Heart Surgery) နှင့် ကျောက်ကပ်အစားထိုးကုသမှု(Kidney Transplant)တို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာသာမက မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှာပါ ခွဲစိတ်ကုသပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင်(Cardiac Catheterization Laboratory)နှလုံးရောဂါရှာဖွေစမ်းသပ်သည့် အဆင့်မြင့်စက်ကြီးများအသုံးပြုပြီး ကျဉ်းနေသည့်သွေးကြောများကို Balloon ဖြင့်ချဲ့၍ ကုသမှုများ (PTCA&Stent Deployment)ခေါ်သည့် သွေးကြောချဲ့ပြီး သတ္တုကွင်းစွပ်၍ ကုသပေးမှုများ၊ နှလုံးပိုက်ထည့်၍ ရောဂါရှာဖွေစမ်းသပ်ပေးမှုတွေစသည့် အဆင့်မြင့်နှလုံး ခွဲစိတ်ကုသမှုများကို ရန်ကုန်မြို့တွင်သာမက မန္တလေးမြို့မှာပါ ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

အလားတူပင် မြန်မာခွဲစိတ်ကုသမားတော်ကြီးများ၏ သမိုင်းတွင်ရစ်မည့် စွမ်းဆောင် အောင်မြင်မှုများဖြစ်သည့် ရင်ချင်းဆက်အမြွှာခွဲစိတ်ကုသမှု၊ တင်ပါးဆုံချင်းဆက်အမြွှာ ခွဲစိတ်ကုသမှုတို့ကို အောင်အောင်မြင်မြင် ခွဲစိတ်ကုသပေးနိုင်ခဲ့မှု၊ မြန်မာအရိုးအထူးကုသမားတော်ကြီးများအနေနှင့် လုံးဝပြတ်တောက်သွားသည့် လက်နှင့် ပြတ်တောက်လုတည်းတည်းဖြစ်နေသည့် လက်တို့ကို ခွဲစိတ်အဏုကြည့်မှန်ပြောင်းအသုံးပြုပြီး အဏုစိတ်ခွဲစိတ်ကုသကာ နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ ပြန်လည်ဆက်ပေးနိုင်မှုတို့သည် တစ်မျိုးသားလုံးအတွက် များစွာ ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

ပျောက်ကွယ်စပြုနေ

ရောဂါနှိမ်နင်းရေးနှင့် ပတ်သက်ပြီးလည်း ဆရာဝန်ကြီးများအပါအဝင် ကျန်းမာရေးဆိုင်ရာအင်အားစုများသာမက စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအများ၏ ပူးပေါင်းပါဝင်မှုများရယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည့်အတွက် ယခင်ခေတ်အခါကရှိခဲ့သည့် ကပ်ရောဂါဆိုးကြီးများသည် မြန်မာ့မြေပေါ်ကနေ တဖြည်းဖြည်း ပျောက်ကွယ်စပြုနေပြီဖြစ်ကြောင်း။

၂၀၀၃ခုနှစ်ထဲမှာပင် မြန်မာနိုင်ငံသည် အနာကြီးရောဂါကင်းဝေးသော နိုင်ငံ၊ ပိုလီယိုအကြောသေရောဂါ ကင်းစင်သောနိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)က အသိအမှတ်ပြုကြေညာပေးခဲ့သည်အထိ အောင်မြင်ဖြစ်ထွန်းခဲ့သည်ကို တွေ့နိုင်ကြောင်း။

အလားတူပင် မျက်ခမ်းစပ်နှင့် မျက်မမြင်ရောဂါ၊ ဆင်ခြေထောက်ရောဂါစသည့်ရောဂါများကိုလည်း ပြည်သူလူထု၏ ကျန်းမာရေးပြဿနာအဖြစ်မှ အောင်မြင်စွာ တိုက်ဖျက်ဖယ်ရှား နိုင်နေတာတွေ့ရကြောင်း။

အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ (စီ)ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါစသည့် နိုင်ငံတကာမှ ကူးစက်ဝင်ရောက်လာသည့် ရောဂါဆိုးများကိုလည်း ထိန်းချုပ်နိုင်ဖို့ ကြိုးစားအားထုတ်လျက်ရှိရာမှာ အထိုက်အလျောက် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ထူးခြားသည့်အောင်ပွဲ

အထူးသဖြင့် ၂၀၀၃ခုနှစ်အတွင်း တစ်ကမ္ဘာလုံးကို ဖြန့်ကြက်ကူးစက်ခဲ့သည့် SARSဟုခေါ်သည့် ကူးစက်မြန်ပြင်းထန် နမိုးနီးယား(အဆုတ်ရောင်) ရောဂါဆိုးကြီးကို အမိမြေပေါ် လုံးဝကူးဝင်လာခြင်းမရှိရအောင် ကျန်းမာရေးဆိုင်ရာပညာရှင်များနှင့်တကွ ပြည်သူတစ်ရပ်လုံးက ကျန်းမာရေးအသိစိတ်ဓာတ်ဖြင့် လက်တွဲပူးပေါင်းကာကွယ်နိုင်ခဲ့ခြင်းသည် မြန်မာပြည်သူတို့၏ ထူးခြားသည့်အောင်ပွဲဟု ဆိုရမည်ဖြစ်ကြောင်း။

ကမ္ဘာ့လူသားများအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(HIV-AIDS)တားဆီးနှိမ်နင်းရေးကိုလည်း အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်လျက်ရှိရာမှာ နိုင်ငံတော်အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများအားလုံးသည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်လျက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့်အတွက် အောင်မြင်တိုးတက်ဖြစ်ထွန်းမှုများကို ၂၀၀၃ခုနှစ် နိုဝင်ဘာလအတွင်းမှာပင် "ပထမအကြိမ်ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှုပြပွဲကြီး"ဖြင့် မြန်မာနိုင်ငံပြည်သူများကို ပညာပေးနိုင်သည့်အပြင် နိုင်ငံတကာသို့လည်း ထုတ်ဖော်ကြေညာနိုင်ခဲ့ကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များကလည်း မိခင်နှင့်ကလေးသေနှုန်းကျဆင်းရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုနှင့် သားဖွားလုပ်ငန်းများ၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးနှိမ်နင်းရေးလုပ်ငန်း၊ကလေးငယ်များ အာဟာရပြည့်ဖြိုးထောင်ရေးလုပ်ငန်းများ၊ အိုင်အိုဒင်းချို့တဲ့ရောဂါ ကာကွယ်ရေးလုပ်ငန်းများစသည့် အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်လူရွယ်များအတွက် ကျန်းမာကြံ့ခိုင်ရေးလုပ်ရှားဆောင်ရွက်မှုများမှာ တက်တက်ကြွကြွအောင်အောင်မြင်မြင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရ၏ အမျိုးသားကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများ သိသာထင်ရှားစွာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည့် ယနေ့အချိန်အခါမှာ ရရှိဖြစ်ထွန်းနေသည့် အောင်မြင်တိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်စေရေးအတွက် ဆရာဝန်ကြီးများအားလုံးက ညီညွတ်တက်ကြွစွာ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းစွမ်းဆောင်ပေးကြပါလို့ ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ၏ မွန်မြတ်မြင့်မားသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ရည်မှန်းချက်များ တင်းပြည့်ကျပ်ပြည့်အောင်မြင်ဖြစ်ထွန်းရေး၊ ကျယ်ပြန့်နက်ရှိုင်းသည့် အမျိုးသားကျန်းမာရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ပေါ်ဖြစ်ထွန်းရေးတို့သည် ဆရာဝန်ကြီးများ၏ ထူးချွန်ထက်မြက်သည့် အရည်အသွေး၊ မြင့်မားခိုင်မာသည့် အမျိုးသားရေး သန္နိဋ္ဌာန်စိတ်ဓာတ်၊ ထက်သန်တက်ကြွသည့် ကြိုးပမ်းအားထုတ်မှု ဝီရိယစွမ်းအားနှင့် စွမ်းဆောင်ရည်များအပေါ် အဓိကတည်မှီလျက်ရှိနေပြီဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ယနေ့အချိန်ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်မှာ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် အဓိကစွမ်းအားရှင်များဖြစ်သည့် ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး စွမ်းဆောင်ရည် မြင့်မားထက်မြက်သည့်အပြင် အမျိုးသားရေးစိတ်ဓာတ် အားကောင်းသည့် ကျန်းမာရေးဆိုင်ရာပညာရှင်များကို အခိုင်အမာပြုစုပျိုးထောင် တည်ဆောက်ပေးနိုင်စေရန် အလွန်လိုအပ်လျက်ရှိသည့်အချိန်အခါဖြစ်သည်နှင့်အညီ ဆရာဝန်ကြီးများအားလုံးကလည်း စုစည်းညီညာသော စွမ်းပကားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

သမိုင်းအစဉ်အလာကောင်းခဲ့သည့် မြန်မာနိုင်ငံဆရာဝန်အသင်းကြီးကိုလည်း အမျိုးသားရေးမျက်နှာစာမှာ နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ထိရောက်ထက်မြက်စွာ စွမ်းဆောင်မြှင့်တင်ပေးနိုင်မည့် တိုင်းကျိုးပြည်ဆောင်အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ခိုင်ခိုင်မြဲမြဲဆက်လက်ရပ်တည်နိုင်စေရအောင် ကြိုးပမ်းအားထုတ်သွားကြပါဟု ဆရာဝန်ကြီးများအားလုံးကို ထပ်လောင်းတိုက်တွန်းလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် နိုင်ငံတကာ့အလယ်မှာ တည်ငြိမ်ခိုင်ခံ့ ဝင့်ကြွားစွာ ခိုင်ခိုင်မြဲမြဲရပ်တည်နိုင်စေရေးအတွက် တစ်မျိုးသားလုံးလက်တွဲလျှောက်လှမ်းကြမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ကြီး(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက်လည်း ဆရာဝန်ကြီးများအားလုံးက ပြည်ထောင်စုဖွား တိုင်းရင်းသားမြန်မာလူမျိုးများပီပီ တက်ညီလက်ညီ ပါဝင်ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့်ပြောကြားလိုသည်မှာ

- **မြန်မာနိုင်ငံ ဆရာဝန်အသင်း အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရအောင် ဆတက်ထမ်းပိုး တိုးပြီး သယ်ပိုးရွက်ဆောင်နိုင်ကြပါစေ၊**
- **မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများကို ကျန်းမာကြံ့ခိုင် သန်စွမ်းပြီး စွမ်းဆောင်ရည်ထက်မြက်မြင့်မားတဲ့ နိုင်ငံကြီးသားများဖြစ်လာစေအောင် မိမိတို့တတ်သိကျွမ်းကျင်ရာ ဆေးပညာရပ်စွမ်းပကားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု မြင့်မြင့်မားမား ပေးနိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း**

ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညီလာခံဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆေးနှင့်ဆေးပစ္စည်းပြခန်းများဖွင့်ပွဲကို မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင်းအတွင်းရှိ ပြခန်းများရှေ့၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖဲကြိုးဖြတ်၍ ပြခန်းများကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၇-၁-၂၀၀၄)ရက်ထိ
MICT Park၊ ရန်ကုန်မြို့

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။ မြန်မာ့သံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
	(က) ပထမနှစ် (ဘောဂဗေဒ)
	(ခ) ပထမနှစ် (ရူပဗေဒ အရေး/အသား)
၅:၃၅	၁၀။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လှုပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖန်ခြေနင်းနဲ့ယမင်းရွှေစင် (အပိုင်း-၃၇)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လှုပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
	၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၂)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇန်နဝါရီ ၁၂ရက်က တနင်္သာရီတိုင်း ကော့သောင်းမြို့ မြို့မတံတားနှင့် မြို့မ ဆိပ်ကမ်းအဆင့်မြှင့်ရေးအတွက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဘဝ အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေများကို မျက်မြင်ထိတွေ့လေ့လာခဲ့ပြီး ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

လမ်းပြုပြင်ထိန်းသိမ်းရေး

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကဖြစ်ရာ ထားဝယ်ဒေသ၏ လမ်းပန်းဆက်သွယ်မှု အခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းလေ့လာပြီး လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သည်များမှာကြားခဲ့ပြီးဖြစ်ကြောင်း။

ထားဝယ်ဒေသကိုအနာဂတ်ကာလတိုင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ရေလမ်းခရီး၊ ကုန်းလမ်းခရီး ဆက်သွယ်နိုင်မည့် ပင်လယ်ရေနက်ဆိပ်ကမ်းနှင့် လမ်းမကြီးတစ်ခု တည်ဆောက်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိနေကြောင်း။

ယင်းလုပ်ငန်းများနှင့် တစ်ဆက်တည်းမှာပင် ထားဝယ်ဒေသအတွင်း စက်မှုနယ်မြေကြီးတစ်ရပ် ဖြစ်ထွန်းလာရန်နှင့် မောင်းမကန်ကမ်းခြေကို နိုင်ငံတကာအဆင့်မီ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းအဖြစ် မြှင့်တင်ဆောင်ရွက်သွားရန် အစီအမံများလည်း ရှိထားပြီးဖြစ်ကြောင်း။

တနင်္သာရီတိုင်း ကော့သောင်းမြို့ လေဆိပ်အဆောက်အအုံကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

တစ်ရှိန်ထိုးဖွံ့ဖြိုးလာမည်

ယင်းအစီအမံများ အကောင်အထည်ပေါ် ဖြစ်ထွန်းလာသည်နှင့်အမျှ ထားဝယ်ဒေသမှာလည်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ယခုခရီးစဉ် အတွင်း၌လည်း ထားဝယ်ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ လောင်းလုံမြို့နယ် အောက်ရေဖြူ အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဖြစ် လည်းကောင်း၊ ကျောက်နီမော် တွဲဖက်အထက်တန်းကျောင်းကို အထက်တန်းကျောင်းခွဲအဖြစ် လည်းကောင်း၊ လောင်းလုံမြို့ ၁၆ခုတင်ဆံ့ဆေးရုံကို ၂၅ခုတင်ဆံ့ဆေးရုံအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အခါမလပ်သွားရောက်

ယနေ့ခေတ်ကာလကဲ့သို့ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် ကျေးလက် အစွန်အဖျားဒေသများအထိ သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက်စီမံဖြည့်ဆည်းဆောင်ရွက်နေသည့် အချိန်အခါတွင် အောက်ခြေဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ကျေးလက်ဒေသများသို့ အခါမလပ်သွားရောက်ပြီး ဒေသ၏အခြေအနေ၊ ကျေးလက်နေ ပြည်သူများ၏ လူနေမှုဘဝ အခြေအနေမှန်များကို လေ့လာသိရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်သင့်သည်များကို စီမံဆောင်ရွက်ကြဖို့ လိုကြောင်း။

မိမိတိုင်းပြည်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဆင့်ကဲဆင့်ကဲ တာဝန်ယူကြီးကြပ်ပြီး စေတနာရှေ့ထားဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေအောင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးဒေသကြီးများ

နယ်စပ်အစွန်အဖျား ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအပြင် ပြည်နယ်၊ တိုင်းများကို အခြေခံပြီး ဖွံ့ဖြိုးရေးတွင် ကြားကွက်လပ်သဖွယ်ဖြစ်နေသည့် ဒေသများကိုပါ ထပ်ဆောင်းပြီး ဖွံ့ဖြိုးရေးအထူးဒေသကြီးများ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တနင်္သာရီတိုင်းတွင် ထားဝယ်ဒေသနှင့် မြိတ်ဒေသတို့ကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ဦးစားပေးဆောင်ရွက်ပေးခဲ့ရာထားဝယ်ဒေသနှင့်မြိတ်ဒေသတို့တွင်တက္ကသိုလ်များ၊ ခုတင်၂၀၀ဆံ့ ဆေးရုံကြီးများ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်တွင် ဆိုလျှင်လည်း တောင်ကြီး၊ လားရှိုးနှင့် ကျိုင်းတုံ ဒေသများတွင် ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ပေးခဲ့သည့်အပြင် ကြားကွက်လပ်သဖွယ် ဖြစ်နေသည့် လွယ်လင် ပင်လုံဒေသကိုပါ ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ်ထပ်ဆောင်းသတ်မှတ်ပြီး ဖွံ့ဖြိုးရေးအထူးအစီအမံများ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးအစီအမံများ

ပဲခူးတိုင်းတွင်လည်း ပဲခူးအရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများ မျှတစွာ ဖွံ့ဖြိုးလာအောင် စီမံဆောင်ရွက်ပေးနေသကဲ့သို့ ကချင်ပြည်နယ်တွင် မြစ်ကြီးနားနှင့် ဗန်းမော်ဒေသများအပြင် ယခုဆိုလျှင် မိုးညှင်းနှင့် မိုးကောင်းဒေသများတွင်ပါထည့်သွင်းလျက် ဖွံ့ဖြိုးတိုးတက်ရေး အထူးအစီအမံများ စီမံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း။

ထို့မျှနှင့် မလုံလောက်သေးဆိုသည့်သဘောထားဖြင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသများအားလုံးတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးနှင့် ကျေးလက်စီးပွားရေး တိုးတက်မြင့်မားရေး စီမံဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီ ၁၂ ရက်က တနင်္သာရီတိုင်း ကော့ မကြို့ဂလက်ကျေးရွာ၌ ဒေသခံဆလုံတို အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

အဓိကအခန်းကဏ္ဍ

ဤကဲ့သို့ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးတွင် ကျေးလက်များ၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသလို မြို့နယ်အဆင့် တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၏လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသ အောက်ခြေအထိဆင်းပြီး ပြည်သူများ၏လိုအပ်ချက်၊ပြည်သူများ၏ လိုလားချက်တို့ကို သိရှိဖြည့်ဆည်းပေးနိုင်ဖို့လိုကြောင်း။

စုပေါင်းတာဝန်ယူ

ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများပေါင်းစည်းပါဝင်သည့် ကဏ္ဍအလိုက်လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ စုပေါင်းဦးဆောင်မှု၊စုပေါင်းတာဝန်ယူမှုတို့ဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက မိမိ၏ ပြည်သူများအပေါ် မိဘက သားသမီးအပေါ်ထားရှိသည့် မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားမျိုးဖြင့် ကျောသားရင်သားမခွဲခြားဘဲ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ တာဝန်ကျရာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီးတာဝန်နှင့်စေတနာပေါင်းစပ်ဆောင်ရွက်မှသာ ပြည်ထောင်စုကြီးလည်း မျှော်မှန်းချက်နှင့်အညီ မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

တိုးတက်နိုင်မြဲမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းယှက်နွယ် နေထိုင်သော ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီးမျှတစွာဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်း ပိုမိုတိုးတက်ခိုင်မြဲမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်ရှေ့ဆက်ချီတက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကလည်း နိုင်ငံတော်၏မူဝါဒ လမ်းစဉ်ခုနစ်ရပ် အောင်မြင်အကောင်အထည် ပေါ်လာစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် မွေးမြူပြီး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထားဝယ်လေဆိပ်

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ထားဝယ်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ခရီးသည်နားနေအဆောက်အအုံ၏ အခြေအနေနှင့်ဝန်ဆောင်မှုလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထားဝယ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်း အဆင့်မြှင့်ဆောင်ရွက်သွားရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်

ဖွံ့ဖြိုးတိုးတက်နေသောတနင်္သာရီတိုင်း ကော့သောင်းမြို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

တာဝန်နှင့်စေတနာပေါင်းစပ်ဆောင်ရွက်မှသာ ပြည်ထောင်စုကြီးလည်း မျှော်မှန်းချက်နှင့်အညီ မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

တိုးတက်ခိုင်မြဲမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းယှက်နွယ် နေထိုင်သော ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီးမျှတစွာဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်း ပိုမိုတိုးတက်ခိုင်မြဲမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်ရှေ့ဆက်ချီတက်လျှောက်လှမ်းမည့် မူဝါဒအဖွဲ့ဝင်များသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်လိုက်ပါလျက်ထားဝယ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက်၉နာရီခွဲတွင် ကော့သောင်းမြို့သို့ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကော့သောင်းလေဆိပ်မှ တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး၊ တနင်္သာရီရေတပ်စခန်း ဌာနချုပ်-ခေတ္တဌာနချုပ်မှူး ဗိုလ်မှူးကြီးဝင်းရှိန်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက်တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇန်နဝါရီ ၁၂ ရက်က တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဗိုလ်ချိုကျွန်းပေါ်ရှိ မကြိုဂလက်ကျေးရွာ၌ ဒေသခံဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက်ပညာရေး လိုအပ်ချက်ဖြစ်သည့် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ် အခြေခံပညာအထက်တန်းကျောင်းခွဲကိုအထက်တန်းကျောင်းအဖြစ် လည်းကောင်း၊ ပုလဲကျွန်း အခြေခံပညာအလယ်တန်းကျောင်းကို အထက်တန်းကျောင်းခွဲအဖြစ် လည်းကောင်း တိုးမြှင့်ပေးပြီး သောင်ဖြူအခြေခံပညာမူလတန်းကျောင်း ဖွဲ့စည်းပုံရရှိရေး စီစဉ်ပေးပြီးနောက် အမှာစကားပြောကြားရာတွင် ကော့သောင်းဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် မိမိနှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ကော့သောင်းမြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ကော့သောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရကကူးသန်းမှု အချက်အချာဒေသဖြစ်သည့်အပြင် ရေလုပ်ငန်းနှင့်ပတ်သက်ပြီး အချက်အချာဒေသလည်း ဖြစ်ကြောင်း။

သို့ဖြစ်၍ ကော့သောင်းဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းအသီးသီးသည် မိမိတာဝန်ကျရာဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်အပြင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ကြဖို့လည်း လိုကြောင်း။

အလားတူပင် နှစ်နိုင်ငံကုန်သွယ်စီးပွားရေးလုပ်ငန်းများတွင် တစ်ဖက်စောင်းနင်း မမျှမတဖြစ်တာမျိုး မရှိစေဘဲ နှစ်ဖက်စလုံးမျှတစွာ တိုးတက်ဖြစ်ထွန်းစေရအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စည်းလုံးညီညွတ်ရေး

ကော့သောင်းဒေသသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည်ဖြစ်ရာ မိမိတို့အချင်းချင်း စည်းလုံးညီညွတ်ကြရန်နှင့် တိုင်းရင်းသားအချင်းချင်း ထာဝစဉ်စည်းလုံးညီညွတ်ကြရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်လည်းလိုကြောင်း။

အထူးသဖြင့် ဒေသဝမ်းစာဖူလုံရေးအပါအဝင် စားဝတ်နေရေးဆိုင်ရာ လိုအပ်ချက်များ၊ အသုံးအဆောင်ပစ္စည်း လိုအပ်ချက်များတွင် သူတစ်ပါးကိုအားကိုးသည့် စိတ်ဓာတ်ပပျောက်ပြီး ဒေသတွင်း ပြည့်စုံဖူလုံရေးအတွက် မိမိဒေသဖွံ့ဖြိုးရေးမိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြရန် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်စည်းရုံး စီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသသည်သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများရှိထားပြီးဖြစ်ရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရကအားပေးစီမံဆောင်ရွက်နေကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၁၂ ရက်က တနင်္သာရီတိုင်းဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းရှိ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲ ထုတ်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ကာလတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပြည်သူလက်တွဲပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ဘုရင့်နောင်အငူနှင့် ဘုရင့်နောင်ရုပ်တုကုန်းတော် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်ကော့သောင်းမြို့ မြို့မတံတား၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မြို့မဆိပ်ကမ်းအဆင့်မြှင့်တိုးချဲ့ရေးမှာကြားသည်။

ရောက်ရှိကြရာ ဒေသမန်နေဂျာ ဒေါက်တာရဲမင်းဦးက လင်းပိုင်များ၏ သဘာဝနှင့် အလေ့အထမွေးမြူခြင်း၊ ပြုစုလေ့ကျင့်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လင်းပိုင်များ၏ စွမ်းရည်ပြမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Shanbhala Co., Ltd မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာဖုန်းဝင်းက ဆလုံ Marina and Resort Project နှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

လင်းပိုင်ရုပ်တု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Myanmar Dolphin Project မှ အတိုင်ပင်ခံကျွမ်းကျင်သူ Mr.Jim Styers က လင်းပိုင်ရုပ်တုကို ဂါရဝလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Shanbhala Co., Ltd မှ ပညာရှင်များ၊ ဝန်ထမ်းများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ရေ) စစ်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး ပင်လယ်ကမ်းခြေတစ်လျှောက်နှင့် ကျွန်းများပတ်ဝန်းကျင်တွင် သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖြစ်ထွန်းနိုင်မှုအခြေအနေများကို ကြည့်ရှုလေ့လာသည်။ ထို့နောက် ညနေ ၄နာရီတွင် ဆလုံတိုင်းရင်းသားရိုးရာ ပွဲတော်ကျင်းပမည့် ကော့သောင်းခရိုင် လန်ပိကျွန်းအနီး ဗိုလ်ချိုကျွန်းပေါ်ရှိ မကြိုဂလက်ကျေးရွာသို့ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၊ ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

လမ်းစဉ်ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကလည်း နိုင်ငံတော်၏မူဝါဒ လမ်းစဉ်ခုနစ်ရပ် အောင်မြင်အကောင်အထည် ပေါ်လာစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် မွေးမြူပြီး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထားဝယ်လေဆိပ်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ထားဝယ်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ခရီးသည်နားနေအဆောက်အအုံ၏ အခြေအနေနှင့်ဝန်ဆောင်မှုလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထားဝယ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်း အဆင့်မြှင့်ဆောင်ရွက်သွားရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်

ဖွံ့ဖြိုးတိုးတက်နေသောတနင်္သာရီတိုင်း ကော့သောင်းမြို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

၁၀နာရီတွင် ကော့သောင်းမြို့ မဋ္ဌုသကခန်းမ၌ ကော့သောင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ခရိုင်အတွင်း ဖွံ့ဖြိုးအလေးထားဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ယခုဆိုလျှင် ကော့သောင်းမြို့ကြီးသည် မြို့ကွင်းမြို့ကွက်သာယာလှပပြီးမြို့ကျက်သရေဆောင် အဆောက်အအုံများနှင့်တကွ သိသာစွာ တိုးတက်စည်ပင်လာခဲ့ပြီဖြစ်ကြောင်း။

အချက်အချာဒေသ

ကော့သောင်းမြို့သည် အိမ်နီးချင်းနိုင်ငံနှင့်ဆက်စပ်နေသည့် နှစ်နိုင်ငံနယ်စပ်ဒေသဖြစ်သဖြင့် ကုန်စည်

ဆလုံပွဲတော်

ယနေ့လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအစီအမံတစ်ရပ်အနေဖြင့် ကော့သောင်းဒေသ ဗိုလ်ချိုကျွန်း မကြိုဂလက်ကျေးရွာတွင် ကျင်းပမည့် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်အတွက် စီမံဆောင်ရွက်နေမှုများကို မိမိတို့သွားရောက်စစ်ဆေးရန် စီစဉ်ထားကြောင်း။

ဤကဲ့သို့ ကော့သောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က စီမံဆောင်ရွက်ပေးနေသည့် အချိန်အခါ

ဆလုံကျွန်းသို့ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေယာဉ်များဖြင့် ကော့သောင်းမြို့နယ် ဆလုံကျွန်းသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Shanbhala Co.,Ltd.က ဆောင်ရွက်နေသည့် လင်းပိုင်မွေးမြူရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းခွင်သို့

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မကြိုဂလက်ကျေးရွာခန်းမ၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက မကြိုဂလက်ကျေးရွာ၌ ဆလုံတိုင်းရင်းသားရိုးရာပွဲတော်အောင်မြင်စွာကျင်းပနိုင်ရန် ပွဲတော်မုခ်ဦး၊ ပွဲတော်ရင်ပြင်၊ စင်မြင့်နှင့်ပြခန်းများတည်ဆောက်ရန် စီစဉ်ထားမှု၊ ဧည့်သည်များသွားလာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေး စီစဉ်ထားမှု၊ ဆလုံတိုင်းရင်းသားများ၏ စွမ်းရည်ပြပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပရန် စီစဉ်ထားမှု၊ ဆလုံကျွန်းပေါ်ရှိ လင်းပိုင်မွေးမြူရေး လုပ်ငန်းလေ့လာရန် စီစဉ်ထားမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မကြိုဂလက်ကျေးရွာ၌ ကျင်းပမည့် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် ဧည့်သည်တော်များ သယ်ယူပို့ဆောင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪

➪ စာမျက်နှာ ၉ မှ

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်၌ ပြည်ပဧည့်သည်များ၊ သံတမန်များ အများအပြားပါဝင်ဆင်နွှဲကြရေး ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျစီမံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကို မြိတ်ကျွန်းစုနှင့် ဆလုံလူမျိုးစုတို့အကြောင်း ပိုမိုသိရှိလာစေပြီး မြိတ်ကျွန်းစု ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ကျင်းပခြင်းဖြစ်ရာ ဆလုံပွဲတော် အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းကို စနစ်တကျစီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်ချက်များကို ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆလုံတိုင်းရင်းသား တိုင်းရင်းသူများအား ဆန်အိတ်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒေသခံ ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ပုလဲကျွန်းသို့ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကြုံဂလက်ကျေးရွာမှ အမြန်ရေယာဉ်ဖြင့် ထွက်ခွာကြရာ ညနေ ၆နာရီခွဲတွင်ဘုတ်ပြင်းမြို့နယ်ပုလဲကျွန်းသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြပြီး ထုတ်လုပ်ထားသော ပုလဲရတနာများကို ကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ပုလဲရတနာခန်းမ၌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မြန်မာ့ပုလဲထုတ်လုပ်ခြင်း၏ နောက်ခံသမိုင်း၊ မြန်မာ့ပုလဲတိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် မြန်မာ့ပုလဲလုပ်ငန်းတို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှု၊ နှစ်အလိုက် မြန်မာ့ပုလဲ တိုးတက်ထုတ်လုပ်နေမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးက ကမ္ဘာ့နိုင်ငံများတွင်ထုတ်လုပ်လျက်ရှိသော ပုလဲအမျိုးအစားများ၊ မြန်မာ့တောင်ပင်လယ်ပုလဲ၏ ထင်ရှားကျော်ကြားလူကြိုက်များမှု၊ ပုလဲထုတ်လုပ်ပုံနည်းစနစ်ပြောင်းလဲမှု၊ စနစ်ပြောင်းလဲမှုကြောင့် တိုးတက်ထုတ်လုပ်လာမှု၊ နှစ်အလိုက် မြန်မာနိုင်ငံတွင် ပုလဲတိုးတက်ထွက်ရှိမှု၊ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ ပုလဲဈေးကွက် အခြေအနေ၊ မြန်မာ့ပုလဲ တိုးတက်ထုတ်လုပ်ရန် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုလဲတိုးမြှင့်ထုတ်လုပ်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ပင်လယ်ရေပြင် ညစ်ညမ်းမှုမဖြစ်စေရေးအတွက် စနစ်တကျ ထိန်းသိမ်းရန်နှင့် လုပ်ငန်းခွင် လုံခြုံရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုလဲကျွန်း အခြေခံပညာ အလယ်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်အား ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုလဲကျွန်း အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်း ကျောင်းခွဲအဖြစ်တိုးမြှင့် ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုတ်ကောင်သားပေါက် မွေးမြူစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မြိတ်မြို့သို့ ရောက်ရှိကြရာ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။ (သတင်းစဉ်)

မကြုံဂလက်ကျေးရွာ

ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပမည့် တနင်္သာရီတိုင်း ကော့သောင်းခရိုင် လန်ပိကျွန်းအနီး ဗိုလ်ချိုကျွန်းပေါ်ရှိ မကြုံဂလက်ကျေးရွာကို တွေ့ရစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့နှင့် ပူးပေါင်း၍ ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကို တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မကြုံဂလက်ကျေးရွာ၌ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပရန် ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည်။

ဆလုံတိုင်းရင်းသားရိုးရာပွဲတော်တွင် ဆလုံလူမျိုးတို့၏ လူနေမှုဘဝနှင့် ဓလေ့ထုံးစံများကို ဖော်ထုတ်ပြသမည်ဖြစ်ပြီး လာရောက်လေ့လာလိုသည့် ကမ္ဘာလှည့်ခရီးသည်များအတွက် သတင်းအချက်အလက်များကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက Myanmars.net/mtt/salone.htm၊ www. salonefestival.com နှင့် www. sea Gypsy festival.com တို့ဖြင့် website တင်ထားပြီးဖြစ်သည်။ ခရီးစဉ်များကို Shambhala Tours ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ရာ e-mail : info@salonefestival.com သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ၂၀၀၄

မကြုံဂလက်ကျေးရွာ၊ မြိတ်ကျွန်းစု

ပြည်ထောင်စုမြန်မာနိုင်ငံတော်

၁၄-၂-၂၀၀၄ မှ ၁၇-၂-၂၀၀၄

ဆလုံ တိုင်းရင်းသားရိုးရာပွဲတော် ကျင်းပရေးအထောက်အကူအဖြစ် တေးဂီတဖျော်ဖြေပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

တနင်္သာရီတိုင်းအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းတာဝန်ယူကျင်းပမည့် ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပရေးအထောက်အကူအဖြစ် ဆလုံဒေသနှင့် မြိတ်ကျွန်းစုရှိ ဆလုံလူမျိုးများ ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီလှူဒါန်းနိုင်ရန် စီစဉ်တင်ဆက်သည့် တေးဂီတဖျော်ဖြေပွဲကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှု၊ ရှမ်းရိုးမခရီးသွားလုပ်ငန်း၏ စီစဉ်တင်ဆက်မှုတို့ဖြင့် ဇန်နဝါရီ ၃၁ရက် ညပိုင်းတွင် မြရိပ်ညိုဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ရင်ဂို၊ ဂရေဟမ်၊ R-ဇာနည်၊ ဖြိုးကြီး၊ ထူးအယ်လင်း၊ The Ants၊ Acid၊ Big-Bag၊ Anti-Biotic၊ ထွန်းအိန္ဒြာဗို၊ ကော်နီ၊ တင်ဇာမော်၊ ချောစုခင်၊ ဆုန်သင်းပါရ်၊ မီးမီးခဲ၊ ငယ်ငယ်၊ ရှင်ဖုန်း၊ အိုင်းရစ်လေပြေဦး၊ B.P.M၊ Presenter Ko Ayine စသည့် တေးဂီတအနုပညာရှင်များ ပါဝင်မည်ဖြစ်သည်။

ကြိုတင်လက်မှတ်များကို ရှမ်းရိုးမခရီးသွားလုပ်ငန်း အမှတ် ၁၂၄/၁၂၆ လမ်း ၅၀ အလယ် Heart Music Production၊ Ko Ko Nyi Nyi Beauty Saloon (ဗိုလ်ချုပ်အောင်ဆန်းဈေး၊ လပြည့်ဝန်းပလာဇာ)၊ ဂျူပီတာလက်ဖက်ရည်ဆိုင် ၂၉၀ ဗိုလ်ဆွန်ပက်လမ်း(အထက်)တို့တွင် ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

ဘဏ္ဍာရေး စီမံခန့်ခွဲမှုပညာ သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်နှင့် ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများ ပိုမိုစနစ်တကျ ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ကုမ္ပဏီ (MHR)မှ ဘဏ္ဍာရေး စီမံခန့်ခွဲမှုပညာ Financial Management Training နှစ်လသင်တန်းကို ဇန်နဝါရီလ တတိယပတ်မှ စပြီး ရုံးချိန်၊ ကျောင်းချိန်ပြင်ပတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

MBA/DMAအချိန်ပြည့်သင်တန်းများ တက်ရောက်ရန် မအားလပ်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်ချပေးရသော စီမံခန့်ခွဲသူများ၊ အလုပ်စတင်ဝင်ရောက်တော့မည့် ဝိဇ္ဇာ/သိပ္ပံ ဘွဲ့ရများ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ Student Visa ဝင်ရန် အောင်လက်မှတ် အထောက်အထားလိုအပ်သူများ တက်ရောက်နိုင်ပြီး လူဦးရေကန့်သတ်ထားသဖြင့် MHR၊ အခန်း (၉၀၅) (၉)လွှာ အဆင့်မြင့်သံဈေးကွန်ဒို လမ်းမတော်လမ်း ဖုန်း-၇၀၇၈၂၂ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများနှင့် ဒီဂျစ်တယ် ဗီဒီယိုလေဆာဓာတ်ပြားများ ဖျက်ဆီးမှုအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဧည့်သည်တော်များ ဖျက်ဆီးမည့် ဗီဒီယိုတိပ်ခွေများနှင့် လေဆာဓာတ်ပြားများကို ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

❍ ရုပ်မြင်သံကြားမှ

ရာတွင် ပြီးခဲ့သည့် ၂၀၀၂-၂၀၀၃ခုနှစ်ကာလအတွင်းမှာ ဆင်ဆာမဲ့ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို နေရာဒေသအသီးသီးက ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်သူများကို ဥပဒေအရ အရေးယူမှုများ ပြုလုပ်ခဲ့ပြီး ယခုအခမ်းအနားမှာ သိမ်းဆည်းထားသည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးမည့် အခမ်းအနားပင်ဖြစ်ကြောင်း၊ ယင်းသို့ဖျက်ဆီးသည့် အခမ်းအနားကို နှစ်စဉ်ပြုလုပ်လာခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် ငါးကြိမ်မြောက်ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ ယနေ့ ဖျက်ဆီးမည့် မြန်မာ/နိုင်ငံခြား ဗီဒီယိုခွေပေါင်း ၅၃၉၇ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြား ၄၄၆၉၀ချပ်၊ ဒီဂျစ်တယ် ဗီဒီယိုလေဆာဓာတ်ပြား ၅၈၄ ချပ်၊ တေးသီချင်းတိပ်ခွေ ၅၄၃၅ခွေ၊ လေဆာဓာတ်ပြားနှစ်ချပ် စုစုပေါင်း ကာလတန်ကြေးငွေ ကျပ်သိန်း ၃၀၀ခန့်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် အများပြည်သူကို ပြသသင့်သည့်ဇာတ်ကား၊ ပြသရန်မသင့်သည့် ဇာတ်ကားဟူ၍ နိုင်ငံ၏ယဉ်ကျေးမှုနှင့် တိုင်းတာပြီး ဗီဒီယိုဆင်ဆာအဖွဲ့က ဆုံးဖြတ်ပေးလျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းမှာ တိုင်းတစ်ပါးက မကောင်းသည့် ယဉ်ကျေးမှုများ လွှမ်းမိုးပြီး မိမိတို့ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တများ ပျက်စီးမသွားအောင် ထိန်းသိမ်းသည့်သဘောဖြစ်ကြောင်း၊ဆင်ဆာအဖွဲ့အပြင် ပြည်ပက တရားမဝင် တင်သွင်းလာသည့် ဇာတ်ကားများကိုလည်း ရေဆိပ်၊ လေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များတွင် အကောက်ခွန်ဦးစီးဌာနကလည်း ရှာဖွေစစ်ဆေးပြီး ဖမ်းဆီးခဲ့ကြောင်း၊ ထို့အပြင် မောင်နှံနှမ၊သားနှင့်အမိ အတူကြည့်လို့မသင့်လျော်သည့် ညစ်ညမ်းဇာတ်ကားများကိုလည်း ဖမ်းဆီးတားမြစ်ရမည်ဖြစ်ပြီး ယခုဖျက်ဆီးမည့် တိပ်ခွေများထဲတွင်လည်း ညစ်ညမ်းဗီဒီယို လေဆာဓာတ်ပြား ၉၁၅ချပ်ပါသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ခေါင်းပုံဖြတ် ခိုးကူး

နောက်တစ်ခုမှာ မြန်မာ ကာရာအိုကေ သီးချင်းဓာတ်ပြားများကို သက်ဆိုင်ရာ ထုတ်လုပ်ရေးလုပ်ငန်းများက ငွေရင်းနှီးများစွာ စိုက်ထုတ်ပြီး ရိုက်ကူးထုတ်လုပ်ထားသည်ကို ယခုအခါ ခေါင်းပုံဖြတ်သည့်အနေဖြင့် ခိုးကူးထားသည့် ဓာတ်ပြားများဖြစ်ကြောင်း၊ အဆိုပါ ခိုးကူးဓာတ်ပြားများသည်လည်း နှစ်စဉ်ဖျက်ဆီးသည့် တိပ်ခွေများထဲတွင်ပါသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် ခိုးကူးသူများသည် ရပ်တန့်သွားခြင်းမရှိဘဲ တစ်နှစ်ထက်တစ်နှစ်ပိုပြီး ခိုးကူးလာပြီး ရန်ကုန်နှင့် မန္တလေးမြို့ပေါ်ရှိ လမ်းဘေးပလက်ဖောင်းများနှင့်ဆိုင်များတွင် ဗြောင်ကျကျ ရောင်းချနေသည်ကိုတွေ့ရသည့်အတွက် ၂၀၀၃ခုနှစ် နိုဝင်ဘာလအတွင်းမှာပင် ဗီဒီယိုစိစစ်ကြီးကြပ်ရေးကော်မတီဝင်များနှင့် မြို့တော်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စသည့် တာဝန်ရှိ အဖွဲ့အစည်းများက ဖမ်းဆီးနှိမ်နင်းရန် ဆွေးနွေးခဲ့ကြပြီး ပညာပေးကာလအဖြစ် တစ်လ သတ်မှတ်ပေးကာ နောက်ပိုင်းတွင် ထိထိရောက်ရောက် အရေးယူမည်ဟူ၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ တစ်ဆင့် အသိပေးကြော်ငြာခဲ့ကြောင်း၊ သို့သော် ပညာပေးကာလ တစ်လလွန်မြောက်ပြီးသည့် အခါတွင်လည်း ရပ်တန့်သွားခြင်းမရှိဘဲ ယခင်အတိုင်း ဗြောင်ကျကျ ဆက်လက်ရောင်းချနေသည်ကို တွေ့ရသည့်အတွက် သက်ဆိုင်ရာက ဖမ်းဆီးသည့်အခါ ရန်ကုန်နှင့် မန္တလေးမြို့ပေါ် နှစ်ခုစလုံး၌ ခိုးကူးကာရာအိုကေဓာတ်ပြား စုစုပေါင်း ၈၈၈၂ချပ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းဓာတ်ပြားများကိုလည်း ယခုအခမ်းအနားတွင် ဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ ခိုးကူး၊ ရောင်းချသူများကိုလည်း ထိထိရောက်ရောက်အရေးယူသွားမည်ဖြစ်ကြောင်း၊ နောင်ကိုလည်း ယခုကဲ့သို့ ဆင်ဆာမဲ့ ဗီဒီယိုတိပ်ခွေ၊ ဓာတ်ပြားခွေ၊ ခိုးကူး ကာရာအိုကေဓာတ်ပြားများကို ထိထိရောက်ရောက် ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

သရုပ်ပျက်ဗီဒီယို

ထို့နောက် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဘိုကြည်က ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဗီဒီယိုလုပ်ငန်း အဆင့်အတန်းခေတ်မီတိုးတက် မြင့်မားလာစေရေး၊ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးကို အကျိုးပြုစေမည့် ဗီဒီယိုတိပ်ခွေများ ပေါ်ထွန်းလာစေရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို အထောက်အကူဖြစ်စေမည့် ဗီဒီယိုတိပ်ခွေများ ပေါ်ထွန်းလာစေရေးတို့ကို ဆောင်ရွက်လျက်ရှိရာတွင် အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် သရုပ်ပျက် ဗီဒီယိုတိပ်ခွေများကို တားမြစ်ပိတ်ပင်နိုင်ရန် ဗီဒီယိုလုပ်ငန်းကို အကြောင်းပြုပြီး ပေါ်ပေါက်လာသည့် မသမာမှုများကို ထိန်းသိမ်းတားဆီးနိုင်ရန်အတွက် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းကာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ဗီဒီယိုအခြေခံအဖွဲ့ခွဲအဆင့်ဆင့်နှင့်အတူ ဝိုင်းဝန်းတားဆီးဖော်ထုတ် ထိန်းသိမ်းပေးနိုင်သည့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ဖက်က ဗီဒီယိုနှင့်ပတ်သက်၍ တိုးတက် ထွန်းကားစေရေးအတွက် ဆောင်ရွက်နေသလို တစ်ဖက်က ဆုတ်ယုတ်စေမည့်ကိစ္စရပ်များကို တားဆီးထိန်းသိမ်းနိုင်မှုနှင့် ပတ်သက်ပြီး အထိုက်အလျောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ နှစ်စဉ်ပုံမှန်ဖျက်ဆီးနိုင်မှုများ၊ ထိထိရောက်ရောက် ပြစ်ဒဏ်များချမှတ်ပြီး အရေးယူ ဆောင်ရွက်မှုများ၊ မသိနားမလည်၍ တစ်ကြိမ်တစ်ခါကျူးလွန်ဖောက်ဖျက်သူများကို ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီနှင့် ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများ၏ အခွင့်အာဏာအတွင်းမှ အရေးယူဆောင်ရွက်နိုင်ခဲ့မှုများက ဖော်ပြလျက်ရှိကြောင်း ယင်းသို့ ဆောင်ရွက်နေသည့်ကြားက တိုးတက်မှုနှင့်ဒွန်တွဲနေသည့် ဆုတ်ယုတ်မှုများဖြစ်အောင် ကျူးလွန် ဖောက်ဖျက်နေမှုများသည်လည်း လျော့ကျသွားမှုမရှိဘဲ တိုးတက်များပြားလာသည်ကိုလည်း စိစစ်တွေ့ရှိရကြောင်း။

အတန်းအစားသုံးမျိုး

ယနေ့ဖျက်ဆီးသည့် အခမ်းအနားတွင် အမျိုးသား ထောက်လှမ်းရေးအဖွဲ့က ဖော်ထုတ်သိမ်းဆည်းခဲ့သည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများ ပါရှိသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပြည်နယ်၊ တိုင်း အသီးသီးမှ ဗီဒီယိုလုပ်ငန်းစိစစ် ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ဗီဒီယိုအခြေခံအဖွဲ့ခွဲအဆင့်ဆင့်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဖော်ထုတ်သိမ်းဆည်းရမိသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများပါရှိကြောင်း၊ ယင်းဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာဓာတ်ပြားများကို ဆန်းစစ်ကြည့်လျှင် အတန်းအစားသုံးမျိုးခွဲခြားနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပထမအတန်းအစားမှာ အကျင့်စာရိတ္တပျက်ပြားစေပြီး မြန်မာလူမျိုးတို့၏ အကျင့်စရိုက်နှင့် လုံးဝမကိုက်ညီသည့် ညစ်ညမ်းဗီဒီယိုတိပ်ခွေများနှင့် ဗီဒီယိုလေဆာဓာတ်ပြားများ၊ ဒုတိယအတန်းအစားမှာ နိုင်ငံခြားဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာဓာတ်ပြားများနှင့် တတိယအတန်းအစားမှာမူ ပြည်တွင်းထုတ်လုပ်သူများမှ တရားဝင်ထုတ်လုပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို မသမာမှုပြုလုပ်ပြီးခိုးယူကာစီးပွားရေးအရကူးယူ၊ ဖြန့်ချိ၊ ငှားရမ်း၊ ပြသမှု ဆောင်ရွက်နေသော ဗီဒီယိုတိပ်ခွေ ဗီဒီယိုလေဆာဓာတ်ပြားများပင်ဖြစ်ကြောင်း။

ပထမနှင့်ဒုတိယအမျိုးအစားများမှာ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကိုပျက်ပြားစေမည့်အပြင် ပြည်သူများ၏ အကျင့်စာရိတ္တကိုပါ ထိပါးစေနိုင်ပြီး တတိယအမျိုးအစားမှာမူ ဥပဒေဘောင်အတွင်းက မှန်မှန်ကန်ကန်လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်ချက်များ၊ အနုပညာရှင်များ၏ အနုပညာဖန်တီးမှုများကို မတရားရယူခေါင်းပုံဖြတ် ဆောင်ရွက်ခြင်းဖြစ်သည့် ဗီဒီယိုလုပ်ငန်းနှင့် ပတ်သက်ပြီး ဖြစ်ပေါ်နေသော စီးပွားရေး မသမာမှုတွေပင်ဖြစ်ကြောင်း။

တရားမဝင်ကူးယူပြီး ဖြန့်ချိရောင်းချနေသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို သိမ်းဆည်းရမိခဲ့မှုအပေါ်မူတည်ပြီးနှစ်စဉ်ကျင်းပနေကြဖြစ်သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဗီဒီယိုတိပ်ခွေများမီးရှို့ဖျက်ဆီးရာတွင် ၁၉၉၉ခုနှစ်မှစ၍ နောက်ဆုံး မီးရှို့ဖျက်ဆီးခဲ့သည့် ၂၀၀၂ခုနှစ်အထိ နိုင်ငံခြား ညစ်ညမ်း ဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာဓာတ်ပြား ၆၃၉ချပ်၊ ဆင်ဆာမဲ့ နိုင်ငံခြား ဇာတ်လမ်းဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာဓာတ်ပြား ၄၃၈၇၁ချပ်၊ ဆင်ဆာခွင့်ပြုထားသော မြန်မာဇာတ်လမ်းနှင့် ကာရာအိုကေတေးစုများကို ထုတ်လုပ်သူ၏ ခွင့်ပြုချက်မရရှိဘဲ တရားမဝင် ကူးယူထားသည့် တစ်နည်းအားဖြင့်ဆိုသော် ခိုးကူးထားသည့် ဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာဓာတ်ပြား ၇၉၁၄၀ရှိပြီးဖြစ်ကြောင်း။

သတိပေးနှိုးဆော်

မသိနားမလည်၍ ကျူးလွန် ဖောက်ဖျက်မှုများမရှိစေရန်နှင့် ကျူးလွန်ဖောက်ဖျက်မိပါက ထိုက်သင့်သော ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြည်သူများ သိရှိစေရန်အတွက် နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်စာစောင်များတွင် ၂၀၀၀ပြည့်နှစ်မှစတင်ပြီး သတိပေးနှိုးဆော်ချက်များ စဉ်ဆက်မပြတ် ထည့်သွင်းဖော်ပြပေးလျက်ရှိကြောင်း။

နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ပြီး ဗီဒီယိုလုပ်ငန်းကို အကြောင်းပြုပြီး ပေါ်ပေါက်လာသည့် မသမာမှုများကို ကျူးလွန်နေသည့်အတွက် စိစစ်တွေ့ရှိသည့်အခါတွင် ပစ္စည်းသိမ်း၊ သိမ်း၍ရသည့် ပစ္စည်းကိုဖျက်ဆီး၊ လူပုဂ္ဂိုလ်ကို တရားဥပဒေအရ တရားစွဲဆိုအရေးယူမှုများကို နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်စာစောင်များ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနများမှ အသိပေး ဆောင်ရွက်နေသော်လည်း လျော့ကျ ပျောက်ကွယ်မှုမရှိခဲ့လျှင် ပိုမိုထိရောက်ပြင်းထန်သည့် အရေးယူမှုမျိုးကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုသည်ကိုအသိပေး တင်ပြလိုကြောင်း၊ အရေးယူနိုင်ရေးအတွက် တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ပြည်သူလူထုကို မီဒီယာမှ တစ်ဆင့် အသိပညာပေးနေသည့် စာပေပညာရှင်အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဧည့်သည်တော်များသည် ခင်းကျင်း ပြသထားသည့် ဖျက်ဆီးမည့် ဗီဒီယိုတိပ်ခွေများနှင့် လေဆာဓာတ်ပြားများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယို လေဆာဓာတ်ပြားများနှင့် ဒီဂျစ်တယ် ဗီဒီယိုလေဆာဓာတ်ပြားများကို လမ်းကြိတ်စက်များဖြင့် နင်းချေဖျက်ဆီးပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်ညီညွတ်မှုမရှိသော ဗီဒီယို တိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများနှင့် ဒီဂျစ်တယ် ဗီဒီယို လေဆာဓာတ်ပြားများ ဖျက်ဆီးမှုတွင် မြန်မာ၊နိုင်ငံခြား ဗီဒီယိုတိပ်ခွေပေါင်း ၅၃၉၇ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြား အချပ်ပေါင်း ၄၄၆၉၀၊ဒီဂျစ်တယ်ဗီဒီယို လေဆာဓာတ်ပြား၅၈၄ချပ်၊တေးသီချင်း တိပ်ခွေ ၅၄၃၅ခွေနှင့် လေဆာဓာတ်ပြား နှစ်ချပ်တို့ပါဝင်ပြီး စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၃၀၀ခန့်ဖြစ်သည်။

(သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲ သတင်းစာရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၄

အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်နည်းပညာတိုးတက်လေ့လာသိရှိနိုင်ရေး၊ မြန်မာ့ဂေါက်သီးရိုက် အကျော်အမော်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေးကို ရည်ရွယ်လျက် Myanmar Professional Golfers Association (MPGA)၊ Asian Professional Golfers Association (APGA) နှင့် Octagon တို့ ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte Ltd. က အဓိက ပံ့ပိုးမည့် ၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Grand Ballroom ၌ ကျင်းပသည်။

(အောက်ပုံ)

သတင်းစာရှင်းလင်းပွဲသို့ MPGA နှင့် Myanmar Golf Federation (MGF) ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ Rothmans of Pall Mall Myanmar Pte Ltd ဒုတိယမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးအောင်စန်းနှင့် တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထူးအရာရှိ ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ-နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ ၁၅ရက်ထိ ရန်ကုန်မြို့ တညင်းကုန်းရှိ Yangon Golf Club ၌ ကျင်းပသွားမည်ဖြစ်ပြီးပထမဆုကို အမေရိကန်ဒေါ်လာ ၃၂၃၀၀၊ ဒုတိယဆုကို အမေရိကန်ဒေါ်လာ ၂၂၂၆၀၊တတိယဆုကို အမေရိကန်ဒေါ်လာ ၁၂၄၀၀အပါအဝင် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ချီးမြှင့်သွားမည်ဖြစ်သည်။

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် MPGA၊ APGA၊ Octagon နှင့် Rothmans of Pall Mall Myanmar Pte Ltd တို့က အဓိကပံ့ပိုးမှုနှင့်အတူ Myanmar Airways International (MAI)၊ Sedona Hotel, Yangon၊ Wilson၊ Grand Slam (Munsing Wear)၊ Inetol (Headwear Company)၊ Canon (Accel International Co., Ltd)၊ Maruman (Kaung Myat Co., Ltd) ၊ Dagon Beer (Dagon Brewery Co., Ltd) ၊ Alpine Purified Drinking Water(Loi Hein Co.,Ltd)၊ UPG (United Paint Group)၊ Mims Logistics နှင့် Max Myanmar Co., Ltd တို့ကလည်း ပါဝင် ပံ့ပိုးကူညီကြမည်ဖြစ်သည်။

(သတင်းစဉ်)

☆ နိုင်ငံတော်မှ

မူဝါဒလမ်းစဉ်များအောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းရင်းသား ခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၅ရက်က ကျင်းပသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ညစ်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အထူးဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Honourable Datuk Seri Syed Hamid Albar အား မြန်မာသံအမတ်ကြီး ဦးလှမောင်နှင့် ဇနီးတို့က မြန်မာ့ရတနာမြေ မိုးကုတ်မြို့၏ ရှုခင်းအလှ ရတနာကျောက်စီ ပန်းချီကားချပ်ကို ဂုဏ်ပြုလက်ဆောင် အဖြစ်ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်မိန်း ခေါင်းဆောင်သော အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲအခမ်းအနား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ဧည့်ခံပွဲတစ်ရပ်ကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်က ကြီးမှူး၍ ဇန်နဝါရီ ၅ရက် ညနေပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Prince Hotel and Residence KL ၌ ခမ်းနားစွာကျင်းပခဲ့သည်။

တက်ရောက်

ဧည့်ခံပွဲသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Honourable Datuk Seri Syed Hamid Albar သည် အဓိကဧည့်သည်တော် Chief Guest အဖြစ် ဇနီးနှင့်အတူ တက်ရောက်ချီးမြှင့်ပြီး ကွာလာလမ်ပူမြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် ဇနီးများ၊ မလေးရှား အစိုးရဌာနများမှ အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များ၊ ဆရာဝန်များ၊ ၎င်းတို့၏ မိသားစုများ၊ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ ဧည့်ပရိသတ် ၅၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာသံအမတ်ကြီးနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့က ဆုတောင်းပတ္တနာ အပြန်အလှန် ပြုလုပ်ကြပြီး နှစ်ဖက်နိုင်ငံတော် သီချင်းတို့ကို တီးမှုတ်သည်။ ထို့နောက် သံအမတ်ကြီးက ဝန်ကြီးအား မိုးကုတ်မြို့ ရှုခင်းအလှ ကျောက်စီပန်းချီကားချပ်ကို မေတ္တာလက်ဆောင်အဖြစ် ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ဧည့်ခံပွဲတွင် တပင်တိုင်၊ နှစ်ပါးသွား၊ နန်းတွင်းယိမ်း၊ မင်းသားပြိုင်၊ ပုဂံသရုပ်ဖော်၊ စောင်းတီးခတ်မှုနှင့် သကြန်အကတို့ဖြင့် ဧည့်သည်တော်များအား ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကြသည်။ (သတင်းစဉ်)

➪ တရားမဝင်မှ

မြန်မာကာရာအိုကေ မူရင်းဗီစီဒီအချပ် ၉၀၊ တရားမဝင် ကူးယူထားသည့် ဆင်ဆာမဲ့ မြန်မာကာရာအိုကေ ဗီစီဒီ အချပ် ၃၂၀၊ ညစ်ညမ်းဇာတ်ကား ဗီစီဒီအချပ် ၃၀တို့ကို သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိ

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် (၄၂)လမ်း အမှတ် ဗီစီဒီ အချပ် ၃၃၈ချပ်၊ ညစ်ညမ်းဗီစီဒီ အချပ် ၃၁ချပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် (၅၂)လမ်း အမှတ် (၁၁၀)အခန်း(၉/ဘီ)နေ နိုင်ဝင်းအောင်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်အပေါ်ထပ်၊ ထပ်ခိုးပေါ်မှ ဆင်ဆာမဲ့ မြန်မာကာရာအိုကေဗီစီဒီ အချပ် ၁၅၀၀နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဆင်ဆာမဲ့ မြန်မာကာရာအိုကေ ဗီစီဒီအချပ်များနှင့် ညစ်ညမ်းဇာတ်ကား ဗီစီဒီအချပ်များကို တရားမဝင် ကူးယူဖြန့်ချိနေသူ အောင်မိုး၊ ဖြိုးသီဟနှင့် နိုင်ဝင်းအောင်တို့အား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းများက အသီးသီး အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်းအတွင်း တရားမဝင် ဆင်ဆာမဲ့မြန်မာကာရာအိုကေ ဗီစီဒီ အချပ်များ၊ ကူးစက်များနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (အပေါ်ပုံနှင့် ယာပုံ) **(သတင်းစဉ်)**

(၂၂) မြေညီထပ်နေ ဖြိုးသီဟ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ထပ်ခိုး အပေါ်ထပ် နောက်ခန်းအတွင်း တရားမဝင် ကူးယူရာတွင် အသုံးပြုသည့် ကူးစက်များ၊ ဆက်စပ်ပစ္စည်းများနှင့် မြန်မာကာရာအိုကေ မူရင်း ဗီစီဒီအချပ် ၁၆ချပ်၊ဆင်ဆာမဲ့ မြန်မာကာရာအိုကေ

မူးယစ်ဆေးဝါးနှင့် လက်နက် ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၄

နယ်မြေခံတပ်၊ နယ်မြေခံ ထောက်လှမ်းရေးတပ်နှင့် တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် တာချီလိတ်မြို့ လွယ်တော်ခမ်း ကျေးရွာအုပ်စု အဒီးရွာနေ အားဘယ်၏နေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းခုတင်အောက်မှ ဒဗလျူိုပိုင်စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ အမေရိကန်နိုင်ငံလုပ် ရီမင်တန် တစ်လုံးထိုးသေနတ် တစ်လက်၊ ၁၂ဘို့ကျည် ၁၈တောင့်၊ ချက်နိုင်ငံလုပ် ပွိုင့် ၂၂ သေနတ် တစ်လက်၊ အမေရိကန်နိုင်ငံလုပ် ၉မမ ပစ္စတိုတစ်လက်၊ ၎င်းကျည်အတောင့် ၅၀၊ ၁၂ဘို့ကျည်ဖြင့် ပစ်ရသော တစ်လုံးထိုး လုပ်သေနတ်တစ်လက် တို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ နယ်မြေခံ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်နှင့် တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အဒီးရွာနေ စိုးနိုင်(ခ)အားဂွမ်၏ နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်တွင် ရောက်ရှိနေသူ အားဂျယ်(ခ)ဇော်ထွန်း၏ ခါးကြားအတွင်းမှ ဒဗလျူိုပိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ တရားခံများကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၁-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်** -ပထမနှစ် (သုတ္တဗေဒ၊ ရက္ခဗေဒ အထူးပြုများ) (သုတ္တဗေဒ)
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၂၀ ၇။ ရွှေလီတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
- ၅:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၅ ၈။ တေးဂီတအစီအစဉ်
- ၆:၀၀ ၉။ **"အနိုင်အရှုံး" (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ-ခင်နှဲ့နှဲ့မူ)**
- ၆:၀၅၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၁၅၁၁။ မှုဟန်သွယ်သွယ် ဆိုကြမယ်
- ၆:၃၀၁၂။ ညနေခင်းသတင်း
- ၇:၀၀၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅၁၄။ Milo Success in Soccer.
- ၇:၁၀၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးမြေဆုံးစေတော့ကွယ်" (အပိုင်း-၄)**
- ၇:၄၀ ၁၆။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **(၅၆)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာအက ဖျော်ဖြေမှုအစီအစဉ်**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးနှင့် တန့်ယန်းမြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူလယ်သမားများအား တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်တို့လိုက်ပါလျက် ဇန်နဝါရီ ၁၃ရက် မွန်းလွဲပိုင်းတွင် တန့်ယန်းမြို့သို့ရောက်ရှိပြီး တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တန့်ယန်းတပ်နယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လားရှိုးမြို့နယ် နန့်ပေါင်ကျေးရွာရှိ အထူးအထွက်တိုးနွေစပါးစိုက်ခင်းသို့ ညနေပိုင်းတွင် ရောက်ရှိပြီး ပျိုးခင်းအတွင်း ရှင်သန်ဖြစ်ထွန်းနေသော စပါးပျိုးပင်များကို ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများအား စပါးအထူးအထွက်တိုးရေးနှင့် ဒေသဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဆောင်ရွက်လျက်ရှိသော ကတ်တီမိုး ကော်ဖီပျိုးပင်ခြောက်သိန်း ပြုစုပျိုးထောင်ထားသည့် ပျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ် ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အထူးအထွက်တိုး မျိုးစေ့ထုတ်လုပ်ငန်း၊ ဧက ၄၀ စိုက်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တွဲဖက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဟူးမွန် ဆည်ရေသောက်ဧက ၁၂၀ အထူးအထွက်တိုး စပါးစိုက်ကွင်း၌ ကျင်းပသည့် မျိုးစေ့ချပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ အစီအစဉ်အရ တိုင်းမှူးက ဒေသဝမ်းစာ ဖူလုံရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု အခြေအနေများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ စေတနာကို တုံ့ပြန်သောအားဖြင့် မိမိတို့ ကျရာတာဝန်များကိုအောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဒေသခံ တောင်သူများကလည်း မိမိတို့ဒေသ ဝမ်းစာဖူလုံစေရေးအတွက် စေတနာထား တုံ့ပြန်သောအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကား ပြောကြားပြီးနောက် စပါးမျိုးစေ့ချပွဲတွင် ဒေသခံတောင်သူလယ်သမားများနှင့်အတူ ကိုယ်တိုင်ပါဝင် မျိုးစေ့ချ ပျိုးထောင်စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆောင်ရွက်နေသော အထူးအထွက်တိုး ဧက ၄၀ ပျိုးခင်းသို့ လည်းကောင်း၊ နယ်မြေခံတပ်ရင်းမှ ဆောင်ရွက်နေသော စပါးဧက ၄၀ ပျိုးခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အကျိုးတူ ဆောင်ရွက်နေသောစိုစိုပြည်ပြည်စက်အုတ်လုပ်ငန်း၌ ကျောက်မီးသွေး လောင်စာအသုံးပြု၍ နေ့စဉ် စက်အုတ် ၆၀၀၀၀ ထုတ်လုပ်မည့် လုပ်ငန်းခွင်သို့ လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်မှ ဆောင်ရွက်လျက်ရှိသော မက္ကာဒေးမီးယားအပင် ၃၅၀၀ စိုက်ခင်းနှင့် ပျားလိမ္မော်အပင် ၂၀၀၀ စိုက်ခင်းများတွင် ရေသွယ်ယူမှု၊ စိုက်ပျိုးနေမှုများကိုလည်းကောင်း၊ ဆင်တောင်ဒေသ ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းခွင်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပုံညာတောင်ဥမင်နှင့် ဥမင်အဝင်လမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ဇန်နဝါရီ ၉ရက် ညနေပိုင်းတွင် ပုံညာတောင် ဥမင်ဖောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လိုအပ်သည်များ မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် ပုံညာတောင်ဥမင် လုပ်ငန်းခွင်အရှေ့ဘက်နှင့် ပုံညာတောင်ဥမင်အဝင်လမ်း (အနောက်ဘက်) လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ **(အောက်ပုံ)**

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ဥမင်အဝင်လမ်း (အရှေ့ဘက်)ပိုင်း ဖောက်လုပ်မှု လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ဥမင်အဝင်လမ်း (ကျောဘက်ခြမ်း) လမ်းအူကြောင်းတစ်လျှောက် မြေသားလုပ်ငန်းနှင့် တံတားများ ဆောင်ရွက်ပြီးစီးမှု၊ မုန်တိုင်းချောင်း တံတားအဝင်၊ အထွက်လမ်းကြောင်း၊ ကျောမှ လေးမိုင် ခုနစ်ဖာလုံအကွာရှိ ဆင်စွယ်ချောင်းကွေ့တစ်လျှောက်မြေသားလုပ်ငန်းဆောင်ရွက်နေမှု၊ ယမ်းအားသုံးကျောက်ဆောင်ဖြိုခွဲမှုလုပ်ငန်းနှင့် စက်ယန္တရားများဖြင့် ဆောင်ရွက်မှုများ၊ ကျောမှ ရှစ်မိုင်အကွာရှိ တံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)



အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ မြန်မာအားကစားသမားများ ဗိုလ်လုပွဲတက်

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်သွားသော ဖြိုးမင်းသာအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းက ဂုဏ်ပြုဆုငွေ ချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၁၄

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်(TFM)တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကျော့ တင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.)၊ အတွင်းရေးမှူး ဒေါက်တာ တင်အောင်လင်း (Aung Mingalar Co., Ltd.) နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ တင်းနစ်အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားတစ်ဦးချင်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် နှစ်ယောက်တွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် မြန်မာအသင်းမှ အားကစားသမားများ အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ အသီးသီး တက်ရောက်သွားကြသည်။

အမျိုးသားတစ်ဦးချင်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက မလေးရှားမှ Shanmugam ကို ၆-၀၊၆-၄ ဖြင့် လည်းကောင်း၊ မြန်မာအသင်းမှ ဇင်ဘိုက သီရိလင်္ကာမှ Dinesh Kanthan ကို ၇-၆ (၈-၆)၊ ၆-၃ ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသားနှစ်ယောက်တွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် တစ်နိုင်ငံတည်း မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲက ဇင်ဘိုနှင့် အောင်ကျော်နိုင်တို့အတွဲကို ၆-၄၊ ၆-၀ ဖြင့် လည်းကောင်း၊ ပါကစ္စတန်မှ Babar နှင့် Nazir တို့အတွဲက မလေးရှားမှ Kwang နှင့် Shanmugam တို့အတွဲ ဒဏ်ရာရပြီး မပြိုင်နိုင်တော့သဖြင့် (W/O)ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲစဉ်များတွင် မလေးရှားမှ Noordin က မလေးရှားမှ Thir Umalai Chelvam ကို ၆-၂၊၆-၄ ဖြင့် လည်းကောင်း၊သီရိလင်္ကာမှ Arudpragasam က မလေးရှားမှ Vythinathan ကို ၆-၄၊ ၆-၂ ဖြင့်လည်းကောင်း အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီးနှစ်ယောက်တွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် မလေးရှားက Thirumalai Chelvam နှင့် Vythinathan တို့အတွဲက မြန်မာအသင်းမှ မိုးချစ်သဲနှင့် ခိုင်ငြိမ်းသာတို့အတွဲကို ၇-၅၊ ၆-၄ ဖြင့်လည်းကောင်း၊ မလေးရှားမှ Noordin နှင့် သီရိလင်္ကာမှ Jayatilaka တို့အတွဲကို ၂-၆၊ ၆-၄၊ ၆-၂ ဖြင့်လည်းကောင်း အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ (သတင်းစဉ်)

ဂရင်းရွိုင်ရယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာ့ဂေါက်သီးရိုက် အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် International Beverages Trading Co., Ltd က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဂရင်းရွိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Tournament) တောင်ကြီးပွဲစဉ်၏ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် ညနေ ၆ နာရီခွဲက တောင်ကြီးမြို့ အေးသာယာဂေါက်ကလပ်ရှိ Aye Thar Yar Golf Resort ၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် I.B.T.C ကုမ္ပဏီမှ ကော်မာရှယ် ဒါရိုက်တာ ဦးတင့်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပထမဆုရရှိသော ရွှေထွန်းအား ဆုတံဆိပ်နှင့် ဆမ်ဆောင်း ၂၁လက်မ တီဗွီကို လည်းကောင်း၊ ဒုတိယဆုရရှိသော စိုင်းစံတစ်အား ဆုတံဆိပ်နှင့် ဆမ်ဆောင်း ဒီဗီဒီစက်ကို လည်းကောင်း၊ တတိယဆုရရှိသော ခွန်ဖေထွေးအား ဆုတံဆိပ်နှင့် ဆမ်ဆောင်း ဗီစီဒီစက်ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အနီးဆုံးရိုက်ချက်ဆုရရှိသော မောင်စိန်၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ဉာဏ်ဝင်း၊ Most Per ဆုရရှိသော သူရကျော်၊ Most Birdies ဆုရရှိသော က်ချွန်နှင့် နှစ်သိမ့်ဆုရရှိသူ ၁၀ ဦးတို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ကော်မာရှယ် ဒါရိုက်တာ ဦးတင့်ဦးက အေးသာယာ ဂေါက်ကလပ်သို့ ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းသည်။

ဆက်လက်ကျင်းပ

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တောင်ကြီးပွဲစဉ်တွင် ဂေါက်သီးရိုက်အားကစားသမား ၁၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုပေါင်း ၁၇ ဆု ချီးမြှင့်ခဲ့သည်။ ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၇ရက်နှင့် ၁၈ရက်တွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကလပ်၌ လည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ထားဝယ်မြို့ ထားဝယ်ဂေါက်ကလပ်၌ လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပနိုင်ခြင်း အထိမ်းအမှတ်အဖြစ် I.B.T.C ကုမ္ပဏီမှ ကော်မာရှယ် ဒါရိုက်တာ ဦးတင့်ဦးက အေးသာယာဂေါက်ကလပ်သို့ ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ အေးသာယာဂေါက်ကလပ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။ (က-ပ)

လေးမျက်နှာပရဟိတ ငွေလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်း လေးမျက်နှာမြို့ ပရဟိတဂေဟာနေ တိုင်းရင်းသား ကလေးများ၏ စားဝတ်နေရေး၊ လူမှုရေးလိုအပ်ချက်များအတွက် အဋ္ဌမအကြိမ်မြောက် ငွေလှူဒါန်းပွဲအခမ်းအနားကို မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇)၊ အောင်ဆန်းတောရတပ်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တသန္တမ္မကိတ္တိသာရအား အမှူးထား၍ ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ စေတနာရှင် အလှူရှင်များအနေဖြင့် အောင်ဆန်းတောရတပ်ဦးကျောင်း ဖုန်း-၆၄၁၉၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

အငယ်တန်းသတင်းထောက်များ အလိုရှိသည်

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် (လစာနှုန်း ကျပ် ၅၄၀၀-၁၀၀-၅၉၀၀)နေရာ (၄)နေရာ လစ်လပ်လျက်ရှိပါသည်။ အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိရမည်။
၂။ အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။
(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။)
၃။ နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(အမျိုးသားများသာ လျှောက်ထားသင့်ပါသည်။)
၄။ အင်္ဂလိပ်စာအခြေခံရှိပြီး အင်္ဂလိပ်စာကို အထူးဝါသနာပါသူဖြစ်ရမည်။
၅။ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူတင်ပြရမည်။
၆။ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ တင်ပြရမည်။
၇။ သက်ဆိုင်ရာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်သမားမှတ်ပုံတင်ထားသူဖြစ်ရမည်။
၈။ လျှောက်လွှာများကို ၃၀-၁-၂၀၀၄ (သောကြာနေ့) ညနေ ၄နာရီ နောက်ဆုံးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၊ အမှတ်(၂၁၂) သိမ်ဖြူလမ်း၊ သတင်းဌာနမန်နေဂျာထံ ပေးပို့ကြရမည်။

အရည်အချင်းစစ်ဆေးရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

မဟာသတင်းဂျာနယ် အတွဲ(၂)၊အမှတ်(၂၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၄

မဟာသတင်းဂျာနယ်၊အတွဲ(၂)၊ အမှတ်(၂၀)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ရာ ယခုတစ်ပတ် သတင်းဂျာနယ်တွင် စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ(၅၃)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ဆူဒိုနင်၊ မြတ်ခိုင်တို့၏ ဆောင်းပါးများနှင့်အတူ စိုးသိဏ်း၏ ပြည်ပ အနုပညာသတင်း၊ ခင်လိမ္မာ၊ ဇေယျာမြတ်ခိုင်၊ သက်ကိုကို၊ မောင်မျိုး(ကြောင်နှစ်ကောင်)တို့၏ ပြည်တွင်းအနုပညာသတင်းတို့ပါဝင်သည်။ ထို့အပြင် အပတ်စဉ်ပါနေကျ ကျောက်ဘီလူးတင်မောင်ဆွေ၊ ကျော့မောင်(မင်္ဂလာတောင်ညွန့်)တို့၏ ပြည်ပအားကစားသတင်းတို့အပြင် မြတ်ခိုင်၏ မေးခွန်း ၁၀၀၀၊ အင်္ဂါစကားဝိုင်း(၁၉)တို့ ပါဝင်ပြီး ပရိသတ်အကြိုက် 3D လက်ဆောင်တို့ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။ (အပေါ်ယာပုံ) (က-ပ)

အထက သုဝဏ္ဏာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

အထက သုဝဏ္ဏကျောင်း ကျန်းမာရေးအဖွဲ့မှ ကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများ ပျိုဖော်ဝင်ချိန် ဖြစ်ပေါ်ပြောင်းလဲတတ်သည့်ပျိုဖော်ဝင်ချိန်ပြဿနာများအကြောင်း ဟောပြောပွဲကို ဇန်နဝါရီ ၁၃ရက် နံနက်၁၀နာရီတွင် ကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ ဒေါ်ခင်အေးဝင်းက ဟောပြောသည်။ (က-ပ)

-General Manager	(Male)	2 Posts
-Accountant	(Female)	3 Posts
-Receptionist	(Female)	2 Posts
-Sales	(Male/Female)	5 Posts
-D.T.P & Graphic	(Male/Female)	2 Posts

Zawtika Thingan & General Trading

အာရှမော်တော်ဝပ် (စ်)
Asia Motor Works

NEW MOTION TRAVELS CO., LTD.

Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service

ပုဂံ Jan:23 Feb: 12 တောင်ကြီး Jan:22, Feb: 12
ချောင်းသာ Jan:23,30 ငွေဆောင် Jan:30, Feb:6

Ph : 725 799, 537 024

လက်ထပ်ပြီးစီးခြင်း

ဦးမြင့်ဦး-ဒေါ်စိုးစိုးမြင့်တို့၏သား

မောင်အောင်စိုးဦး (B.A Myanmar)

နှင့်

ဦးမြင့်စိုး-ဒေါ်စမ်းကြည်တို့၏သမီး

မမြတ်မြတ်စိုး (B.Sc Maths)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူ ခွင့်ပြုချက်ဖြင့် လက်ထပ်ပြီးစီး၍ မန္တလေးမြို့တွင် မင်္ဂလာဦးဆွမ်းကျွေးပြီးစီးပါကြောင်း။

မောင်အောင်စိုးဦး=မမြတ်မြတ်စိုး။

ဇော်ဝင်းထွဋ်

နှစ်(၂၀)ရှင်သန်ခြင်း LIVE SHOW

15-1-04 ... DAGON CENTRE, CITY MART MUSIC COUNTER တို့မှာ TAPE ...

"ညီထွဋ်"

TAPE, CD ထွက်ပြီ

အသိပေးအကြောင်းကြားခြင်း

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ရန်ကုန်တိုင်း၊လမ်းမတော်မြို့နယ် ဦးဘာဝါးလမ်း အဆွေတော်သိုလှောင်ရုံအတွင်းတွင် ဘွိုင်လာအပျက်(၂)လုံးရှိနေပါသည်။ ဤဘွိုင်လာအပျက်(၂)လုံးနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း ပိုင်ဆိုင်ခွင့်တောင်းဆိုလိုသူများသည် ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသော စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာယူဆောင်လျက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ရန်ကုန်တိုင်းရုံး တိုင်းအင်ဂျင်နီယာထံသို့ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း ဆက်သွယ်ရန် အကြောင်းကြားပါသည်။ အဆိုပါ သတ်မှတ်ထားသည့်နေ့ ကုန်ဆုံးသည်အထိ မည်သူမျှ လာရောက်ဆက်သွယ်ခြင်းမရှိပါက အဆိုပါ ဘွိုင်လာအပျက်(၂)လုံးကို ဤဌာနမှ လိုအပ်သလို ဆက်လက်စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

တိုင်းအင်ဂျင်နီယာ
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
ရန်ကုန်တိုင်း
ဖုန်း - ၀၁-၃၇၄၇၂၈
၀၁-၃၇၉၇၆၂။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌မြန်မာကျပ်ငွေဖြင့်သာခန့်ထားရန်)

Project Manager ကျား (၁) ဦး
B.E (သို့) A.G.T.I(Civil)ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံရှိရန်လိုအပ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် သင့်တော်သောအရည်အချင်းရှိရမည်။ လုပ်ငန်းခွင်နှင့် လုပ်သားများအား ကောင်းမွန်စွာကိုင်တွယ်ဖြေရှင်းနိုင်သူဖြစ်ရမည်။

Project Supervisor ကျား (၁) ဦး
A.G.T.I နှင့်အထက် ခက်ခဲသည့် အခြေအနေများကို ဖြေရှင်းနိုင်ရမည်။ ကြိုးစားအားထုတ်ပြီးနာရီရှည်လုပ်ကိုင်နိုင်ရမည်။ ရိုးသားပြီးတာဝန်သိတတ်သူဖြစ်ရမည်။

Project Designer မ (၁) ဦး
A.G.T.I နှင့် Auto Cad ကျွမ်းကျင်သူဖြစ်ရမည်။

Admin Executive မ (၁) ဦး
ဘွဲ့ရဖြစ်ပြီး Mircosoft Word နှင့် Excel ကို ကျွမ်းကျင်သူဖြစ်ရမည်။ အင်္ဂလိပ်စာရေးနိုင်၊ ဖတ်နိုင်သူဖြစ်ရမည်။

Driver ကျား (၃) ဦး
ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။နာရီရှည်လုပ်ကိုင်နိုင်ရမည်။

စိတ်ပါဝင်စားသူများသည် မိမိ၏ကိုယ်ရေးရာဇဝင် C.V နှင့်အတူ လုပ်ငန်းအတွေ့အကြုံ၊ ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကိုဖော်ပြ၍ အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

မန်နေဂျာ
အမှတ်(၃၁-က)၊ သီရိမင်္ဂလာလမ်း။
(ယခင်အာတီးယားလမ်း)၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဦးသက်ခိုင်နှင့် သက်ဆိုင်သူ အများသိစေရန်ကြော်ငြာ

၁။ ဦးအောင်မြင့် [၁၂/ပဘတ(နိုင်)၀၁၇၇၀၃]၊ MOTHER LAND ဆောက်လုပ်ရေး၊ အမှတ် (၄၅၃)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၀၆/၁၁၂)ဟုခေါ်တွင်သည့် တိုက်ဟောင်းတည်ရှိရာ မြေတိုင်းရပ်ကွက် အမှတ်(၁၄-ဂျီ)၊ မြေကွက်အမှတ်($N\frac{1}{2}$ of II 4+II 6)၊ မြေအကျယ် အလျား x အနံ ၈၅' x ၆၀'ရှိ မြေကွက်ပေါ်တွင် အိမ်ဟောင်းဖျက်သိမ်း၍ (၈)ထပ် ကန်ထရိုက်တိုက်သစ်တည်ဆောက်ရန် ဦးအောင်မြင့်နှင့် အမွေဆိုင်ဦးသက်ခိုင်တို့သည် ၁၀-၈-၂၀၀၃ရက်နေ့တွင် ညှိနှိုင်းသဘောတူစာချုပ်မူကြမ်းရေးခဲ့ပြီးနောက် အခြားအမွေဆိုင်တစ်ဦးနှင့် ကန်ထရိုက်တာ ဦးအောင်မြင့်တို့ ဦးစွာအပေးအယူ ညှိနှိုင်းစာချုပ်ချုပ်ဆိုပြီးပါက ဦးသက်ခိုင်အနေဖြင့် ကတိစာချုပ်ကို ချုပ်ဆိုပေးမည်ဟု ဝန်ခံပြောဆိုထားကြောင်း သိရှိရပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေ ကန်ထရိုက်တာ ဦးအောင်မြင့်သည် ၁၆-၈-၂၀၀၃ရက်နေ့တွင် အထက်ပါမြေကွက်၏ အမွေဆိုင်ဖြစ်သူ ဒေါ်မိုင်မွန်နာဘီဘီနှင့် ညှိနှိုင်းစာချုပ်ချုပ်ဆိုပြီး စရန်ငွေပေးချေခြင်း၊ ပွဲစားခပေးချေခြင်းများ ပြုခဲ့ပြီးနောက် ဦးသက်ခိုင်ကို ဖိတ်ခေါ်ကာ နှစ်ဦးသဘောတူကတိစာချုပ်ကို အတည်ပြုချုပ်ဆိုရန်ပြောဆိုသည့်အခါ အလုပ်များနေသည်ဟု အကြောင်းပြပြောဆိုကာ အတွေ့မခံဘဲ တိမ်းရှောင်နေ၍ ကန်ထရိုက်တာ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၏ ငွေကျပ်သိန်းပေါင်းများစွာ ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်နေရပါသည်။

၃။ ဦးသက်ခိုင်၏ ကတိမတည် ပျက်ကွက်မှုကြောင့် နှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆိုရန် အချိန်(၃)လခန့်နောက်ကျနေခဲ့ရပါသည်။ သို့ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဦးသက်ခိုင်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်ထံ လာရောက်တွေ့ဆုံကာ စာချုပ်ချုပ်ဆိုပေးပါရန် တောင်းဆိုလိုက်ပါသည်။ မလိုက်နာပါက တည်ဆဲတရားဥပဒေများအရ ထိရောက်စွာ တရားစွဲဆို အရေးယူရလိမ့်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ- ဦးလှမြင့်(ဒဂုံ)၊ စဉ်-၉၀၁၂(ဥပဒေအကျိုးဆောင်ကြီး)
အမှတ်(၇၂)၊ ၅လွှာ။ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၅၈၊ ၅၃၄၃၆၉။

မအားမီး(ခ) မအေးသန္တာ သိစေရန်

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ အကွက်အမှတ်(၄၁၃) ရွှေကူရပ်နေ ဦးအောင်ကြီး(ခ)ဦးတင်အောင်စိုး၏လွှဲအပ်ပြောဆိုမှုများအရ အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းနှင့်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သဖြင့် လူကြီးမင်းထံ၌ ကျွန်ုပ်မိတ်ဆွေမှ ငွေ ၂၅သိန်းရရန်ရှိနေသော်လည်း လူကြီးမင်းကိုယ်တိုင်လာရောက်ဖြေရှင်းမှုမရှိသဖြင့် တိမ်းရှောင်နေသည်ဟု ယူဆပါသည်။

သို့ဖြစ်ပါ၍ ယခု သတင်းစာမှ ကြော်ငြာထည့်သည့်နေ့မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်မိတ်ဆွေနေထိုင်ရာ မန္တလေးမြို့သို့ လာရောက်ရှင်းလင်းစေလိုပါသည်။ သို့မဟုတ်ပါက သက်ဆိုင်ရာဥပဒေများအရ တရားစွဲမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားသူ	**ညွှန်ကြားချက်အရ**
ဦးအောင်ကြီး(ခ)ဦးတင်အောင်စိုး	**ဦးစောလှအောင် LL.B**
အကွက်(၄၁၃) သံ/ရှေ့	ဥပဒေအကျိုးဆောင်ရှေ့နေ
မဟာအောင်မြေမြို့နယ်။ မန္တလေးမြို့။	ပတ္တမြားရွှေဆိုင်
	ဘုရားကြီးနာရီစင်အနီး။
	မန္တလေးမြို့။

Commerce Graduates' Association
Business Panel Seminar အချိန်ပြောင်းခြင်း

Myanmar & Foreign Trade

Business Panel Seminar

GoodNews

MK MEDIA

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ကျပ်ငွေဖြင့်ခန့်ထားရန်)

Zin Cho
Car rental
ကားမျိုးစုံငှားရမ်းရန်ရှိသည် ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။ Ph-292208

ကားစီးလုံးငှားသည်
CRANE
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်သည်
538535, 708569, 09-5002018

သစ္စာ ကားစီးလုံးငှား
Ph : 245496

RUBY CarRental
725317, 650823
24, hr

ကားငှားမည်
(ODYSSEY) ဖုန်း: 294460

ရောင်းမည်
B.M ဟီးနိုးဘတ်စ်
လေလံကားများ
ရုံးချိန်အတွင်း 374029

ZIN SATELLITE GROUP
Tel: 727548

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရမ်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	[illegible]	[illegible]	[illegible]	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	AE [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	YDE [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	PZDG [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

TSU LONG HIN RESTAURANT

ကြွေလုံးဟင်းအထူးဝါစားသောက်ဆိုင်

(၁) **စကားပြန်** မ (၃) ဦး
တရုတ်၊ အင်္ဂလိပ်(စကားပြန်)

(၂) **စာရင်းကိုင်** မ (၃) ဦး
တရုတ်၊ အင်္ဂလိပ်
(စာရင်းကိုင်သင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။)

(၃) **Waiter** ကျား(၁၀) ဦး
ပညာအရည်အချင်း (၁၀)တန်း/ အင်္ဂလိပ်စကား အသင့်အတင့်ပြောနိုင်ရမည်။

*အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံ (၂)နှစ်အထက် ရှိရမည်။

လျှောက်ထားလိုသူများသည်ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ အခြားတင်ပြလိုသော စာရွက်စာတမ်းများနှင့်အတူ ကြွေလုံးဟင်းအထူးဝါစားသောက်ဆိုင်၊ အမှတ်(၅၇၀)၊ ကမ်းနားလမ်းနှင့်လမ်းသစ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄ – ၂၀၀၅ ပညာသင်နှစ်
ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၆)
Postgraduate Diploma in Teaching (PGDT)
သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း(Postgraduate Diploma in Teaching) (PGDT) အမှတ်စဉ်(၆)သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းတက်ခွင့် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်။
- (က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခု(ယဉ်ကျေးမှုတက္ကသိုလ်အပါအဝင်)မှ ဘွဲ့(ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စီးပွားရေးဘွဲ့) ရရှိပြီးသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ(သို့မဟုတ်)ဘွဲ့ရကြောင်းထောက်ခံစာ ပူးတွဲတင်ပြရမည်။
- (ဃ) မွေးသက္ကရာဇ်အထောက်အထားအတွက်လျှောက်လွှာနှင့်အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။
- (င) ၂၀၀၄ခုနှစ် ဇွန်လ (၇)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည့်အပြင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။
- (စ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ)တို့တွင် တက်ရောက်နိုင်ရမည်။
- (ဆ) သင်တန်းအောင်မြင်ပြီးသူများအား ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာ (PGDT)လက်မှတ်ချီးမြှင့်မည်။
- (ဇ) သင်တန်းကာလမှာ ၂၀၀၄ခုနှစ် ဇွန်လ (၇)ရက်မှ ၂၀၀၅ခုနှစ် မတ်လအထိ ဖြစ်ပါသည်။
- (ဈ) သင်တန်းကြေးမှာ တစ်လလျှင် ကျပ်(၁၅၀၀)ဖြစ်ပြီး၊ နေထိုင်စားသောက်ရေးကို မိမိအစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်။
- (ည) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးရွေးချယ်မည်။

၃။ မူလတန်းပြဆရာအဖြစ် စတင်ခန့်အပ်ပြီး လုပ်သက်တစ်နှစ်ပြည့်မြောက်ပါက အလယ်တန်းပြအဖြစ် ဆန္ဒပြုမှုနှင့် နေရာလစ်လပ်မှုအရ ရာထူးတိုးမြှင့်ခန့်ထားပေးမည်။ အလယ်တန်းပြဆရာအဖြစ် သတ်မှတ်လုပ်သက်ပြည့်မီပါက ပညာရေးဘွဲ့ (B.Ed) သင်တန်းဝင်ခွင့်အစီအစဉ်အရ တက်ရောက်ခွင့်ရရှိမည်။ (B.Ed)သင်တန်းတွင် သတ်မှတ်သည့်အရည်အချင်းပြည့်မီသူများသည် ပညာရေးဘွဲ့ (M.Ed) သင်တန်းသို့ တက်ရောက်ခွင့်ရှိပါသည်။

၄။ လူတွေ့နှုတ်ဖြေကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့မှစ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများနှင့် ရန်ကင်းပညာရေးကောလိပ်တို့တွင် လူတွေ့စစ်ဆေးမေးမြန်းမည်ဖြစ်ပါသည်။ ဘွဲ့လက်မှတ်မူရင်းနှင့်အခြေခံပညာအထက်တန်းအဆင့် အောင်လက်မှတ်မူရင်းတို့ကို တစ်ပါတည်းယူဆောင်လာရပါမည်။ ပညာရေးဝန်ထမ်း (သို့မဟုတ်) အခြားဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာကျောင်း၊ ရုံး၊ ဌာနအကြီးအကဲ၏ ထောက်ခံစာမူရင်းကို ယူဆောင်လာရမည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစုရေးသား ဖြည့်သွင်းထားသော လျှောက်လွှာ(၃)စုံတွင် ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံ၊ မျက်မှန်မပါဓာတ်ပုံ)တို့ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ **၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်နေ့**ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။ ပညာရေးကောလိပ်ဝန်ထမ်းများ၏ သားသမီး/မှီခိုသူများသည် ရန်ကင်းပညာရေးကောလိပ်သို့ ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

(ဘိုဝင်း)
ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဇန်နဝါရီလ (၂)ရက်

၂၀၀၄ – ၂၀၀၅ ပညာသင်နှစ်
ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၆)
Postgraduate Diploma in Teaching(PGDT)
သင်တန်းဝင်ခွင့်လျှောက်လွှာ

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

	အမည်	နိုင်ငံသား(သို့မဟုတ်)နိုင်ငံခြားသား စိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ်-------ခုနှစ်၊ -----လ၊ ----ရက်
၃။ အပထ အောင်မြင်ခဲ့သည့်စာစစ်ဌာနနှင့်ပြည်နယ်/တိုင်း-----------

၄။ ဘွဲ့အမည်နှင့်အဓိကယူခဲ့သည့်ဘာသာ------------------
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့်ခုနှစ်-------------------
၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည်----------------
နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်--------------------
လက်ရှိနေရပ်လိပ်စာအပြည့်အစုံ----------------------

၆။ အခြေခံပညာဆရာဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ--------------------------

----
လျှောက်ထားသူလက်မှတ်

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဇန်နဝါရီလ (၂)ရက်

[illegible]

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၁/၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော်(၂)ရက်
(၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၈ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ်၊ (ဧပြီ၊ မေ၊ ဇွန်လ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ–၁၂၊ ပုဒ်မ–၁၃၊ ပုဒ်မ–၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံး ပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့်သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။
- (က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ခုနှစ် ဇန်နဝါရီလ(၁၂)ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။
- (ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ–၂)နှင့်ပုံစံ (သမ–၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ–၅)နှင့် ပူးတွဲပုံစံ(ဖထ–၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊အပြင် ချိပ်ထိုးပြီး ၂၀၀၄ခုနှစ် ဇန်နဝါရီလ(၁၂)ရက်မှ ၂၀၀၄ခုနှစ်ဖေဖော်ဝါရီလ(၁၁)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/ လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

သမဝါယမဝန်ကြီးဌာန

သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၄

KMD IDEC သင်တန်းလျှောက်လွှာ ခေါ်ယူခြင်း

KMD Computer Centre

31 January 2004

(7:00 - 4:00) Sat - Sun

Information Technology, Internet, e-Commerce

IAD (International Advanced Diploma)

Further Studies

Year One → Year Two → Year Three

IAD

KMD (Head Office): 550-552, Merchant Road., Kyauktada Tsp., Ygn.

Enroll Now!

SUNTAC Education

Microsoft SQL Server

Complete Web Design & Development Course

-HTML
-Microsoft Front Page
-Micromedia Dreamwaver 2000/2001
-Micromedia Flash
-Adobe Photoshop
-Java Script
-ASP.Net
-Microsoft SQL Server

ASP.net

Bldg - 5, R - 5, MICT Park, Hlaing Campus,Yangon, Myanmar.



Yan Aung

-0980 23828

Job Opportunities
(Local Service Only)

Come & Grow With Agro !

Technical Sales Managers (M) 2Pos
B.Ag or Dip. Ag or related degree holder, age 30-45, seasonal crops, agro-chem and local area knowledge are highly appreciated.

Senior Accountant / Accounts Manager (F) 1Pos
B.Com, LCCI Level 3 or related degree holder, min 3 years practical experience in managerial role, computerized accounting software, and good analytical skills is required.

Admin Manager/ Asst Manager (F) 1Pos
Degree graduate, age 27 to 39, min 2 years experience, English & PC competency is a need, Independent and good in co-ordination.

Secretary (F) 1Pos
Any graduate, age below 36, good English, PC skills required, Good people relationships, business-minded is an advantage.

Sales Admin Executives (F) 2Pos
Any graduate, age 25-35, Tele-marketing skill is appreciated, accounts basic knowledge is an advantage, able to travel up-country.

Graphic Designer (F) 1Pos
Any graduate/dip/certificate in design field, min 2 years experience, age 25-35, creativity is expected, proof of jobs should be submitted.

Candidates should apply in person or by mail to company with photo, detailed CV including expected salary & copy of labour card within 2 weeks from today. (Only short-listed persons will be interviewed.)

Agro Marketing International Co., Ltd.

အထက(၂)လသာ ကျောင်းသူဟောင်းများအတွက်
ဖိတ်ကြားလွှာ

အထက(၂)လသာ၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

ကန်တော့ခံ ဆရာမကြီးများအား သီးခြားလှူဒါန်းလိုသော ပစ္စည်းများကို ကြိုတင်ပေးပို့နိုင်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၇-၁-၂၀၀၄(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် (၉)နာရီ
ကျင်းပမည့်နေရာ - မြသီလာခန်းမ၊ အထက(၂)လသာ

သီးခြားဖိတ်စာမပို့ပါ။

အာသီသ - ဆရာမကြီးများ၏ ပျော်ရွှင်ပီတိကို မျှဝေခံစားရင်း ပူဇော်နိုင်ရန်အတွက် မပျက်မကွက် တက်ရောက်ကြပါရန်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

ဝမ်းမြောက်ဂုဏ်ယူခြင်း

ကျေးဇူးရှင်ဘကြီး **ဆရာကြီးဦးဉာဏ်လွင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်း၊ တိုင်းရင်းဆေးကောင်စီဝင်၊ ကျန်းမာရေးဝန်ကြီးဌာန)** အား နိုင်ငံတော်မှ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသည့်အတွက် အန်တီဌေးနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူလျက် တိုင်းရင်းဆေးပညာအကျိုးကို ဆတက်တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

တူ၊ တူမများ- ကိုဇော်ကြီး-မနုနုဝင်း၊ ကိုဇော်လင်းအောင်၊
ကိုသန့်ဇင်ထွန်း-ဗိုလ်ကြီးခင်လှဲ့လှဲ့အောင်၊
ဒေါက်တာမြင့်မြင့်ကြွယ်၊ မဥမ္မာ၊ မစိုးစိုး၊
မြေး - မောင်ဖြိုးမောင်မောင်ဇင်နှင့်
ဘေဘီခင်လှဲ့လှဲ့အောင်။

အလိုရှိသည်
(ပြည်တွင်း၃သာကျပ်ငွေဖြင့်ခန့်ထားရန်)

Mother Land Inn(2) အမှတ်(၄၃၃)၊ အောက်ပုဇွန်တောင်လမ်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ ပြုပြင်ထိန်းသိမ်းရေးအင်ဂျင်နီယာ (၂) ဦး
၂။ ယာဉ်မောင်း (၁) ဦး

အမှတ်စဉ်(၁)အတွက် A.G.T.I(E.P) သို့မဟုတ် (M.T) အောင်မြင်သူဖြစ်ရမည်။
အသက် ၃၀နှစ်ထက် မကြီးသူဖြစ်ရမည်။
အိမ်ထောင်မရှိသူဖြစ်ရမည်။
လုပ်ငန်းခွင်အတွင်း နေထိုင်နိုင်သူကို ဦးစားပေးမည်။
လုပ်ငန်းအတွေ့အကြုံရှိသူကို စည်းကမ်းချက်များ လျှော့ပေါ့စဉ်းစားပေးမည်။
အင်္ဂလိပ်စကား အသင့်အတင့်ပြောဆိုနိုင်လျှင် ပိုမိုအဆင်ပြေသည်။
အမှတ်စဉ်(၂)အတွက် အနည်းဆုံးယာဉ်မောင်းသက် (၃)နှစ်ရှိရမည်။ မည်သည့်ယာဉ်မဆို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။
လုပ်ငန်းခွင်အတွင်း နေထိုင်နိုင်သူဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာတို့ကို ပြည့်စုံစွာရေးသား၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်၊ (၁၉၆၇ - ၇၃)ပညာသင်နှစ် မြို့ပြအင်ဂျင်နီယာကျောင်းသူ၊ ကျောင်းသားများ အရုဏ်ဆွမ်းအလှူတော်နှင့်မြတ်ဆရာပူဇော်ပွဲ

အရုဏ်ဆွမ်းအလှူတော် - ၇-၂-၂၀၀၄ နံနက် ၅း၀၀နာရီ
- ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
မြတ်ဆရာပူဇော်ပွဲ - (၇-၂-၂၀၀၄) ညနေ ၆း၀၀နာရီ
- M-3 စားတော်ဆက်၊ မြေနီကုန်း။

ဟသ်ာတမြို့ အလက(၂)
အာစရိယပူဇော်ပွဲကျင်းပရန် အသိပေးခြင်း

ဟသ်ာတမြို့ အလက(၂)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကို ၁၂-၂-၂၀၀၄ရက်(ပြည်ထောင်စုနေ့)မွန်းလွဲ၁း၀၀နာရီတွင် ဟသ်ာတမြို့၊ မန္တလေးကျောင်းတိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဝေးရောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လိုသူများသည် အောက်ပါပုဂ္ဂိုလ်များထံ အချိန်မီ ဆက်သွယ်၍ လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။

(၁) ဦးမင်းဟန် ၀၁-၆၈၀၇၅၈၊	(၄) Dr. ကျော်စိုးသိန်း ၀၄၄-၂၁၃၈၁၊
(၂) ဒေါ်မြင့်မြင့်ဆွေ ၀၁-၂၉၈၄၂၆၊	(၅) ဦးသက်နိုင် ၀၄၄-၂၁၀၇၃၊
(၃) ဦးညွန့်ဦး ၀၄၄-၂၁၅၆၂၊	(၆) ဦးကြည်တိုး ၀၄၄-၂၁၁၈၄၊ ၀၁-၆၈၀၉၂၅။

အလါမ္မာအောင်မွေးနေ့

သားကြီး **ဦးဝင်းအောင်** E/E ၁၅-၁-၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှစ၍ အသက်ရာကျော်ရှည်ပါစေ။ ကျန်းမာ၊ ချမ်းသာမှုအပေါင်းနဲ့ ပြည့်စုံပြီး သာသနာပြုနိုင်သော ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်ပါစေ။ **မေမေ - ဒေါ်သိန်းသိန်းနု။**

ချစ်သမီး ဖြူစင်သန့် အတွက်
မွေးနေ့ဆုတောင်း

၁၅-၁-၂၀၀၄နေ့တွင် ကျရောက်သော ချစ်သမီး မွေးနေ့မှသည် နောင်မွေးနေ့ပေါင်းများစွာကို ကျန်းမာချမ်းသာခြင်း၊ အရာရာအောင်မြင်ခြင်းတို့နှင့် ပြည့်စုံပြီး ယဉ်ကျေးလိမ္မာသော သမီးရတနာလေး ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ပါးပါး၊ မားမား
မောင်လေး
ရွှေတောင်တန်း။

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်က ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဝင်များဖြစ်ကြသည့် ဒေါ်ဝင်းဝင်းအေး(ခ) မကြီးအား သီရိသုဓမ္မသီဂိဘွဲ့နှင့် ဒေါ်ဝင်းဝင်းဌေး(ခ) မငယ်အား သီဟသုဓမ္မသီဂိဘွဲ့တို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အမှုဆောင်အဖွဲ့
ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)။

(၃၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ **ဦးအောင်သန်း** (M.A,R.L) ဦးစီးအရာရှိ မော်တော်ယာဉ်အခွန်စည်းကြပ်ရေး၊ ပြည်တွင်းအခွန်၊ မေမေ **ဒေါ်တင်တင်ဝင်း** (M.O.G.E)(ငြိမ်း)တို့၏ (၉-၁-၂၀၀၄)ရက်တွင် ကျရောက်ခဲ့သော (၃၇)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းတစ်ရာတိုင် ဖေဖေ၊ မေမေချစ်သော မိသားစုနှင့် ရာသက်ပန်ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် . . .။

သားကြီး - မောင်ဉာဏ်ထွန်းအောင် (2nd Mate F.G)
မသော်တာဝင်း (M.A, History)
သမီးကြီး - မဝင်းသီတာအောင်
ဦးစီးအရာရှိ(ခွန်/ထိန်း ကျောက်ထုတ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေး)
သမီးငယ် - ဗိုလ်ကြီးနိုင်ဝင်း (ကွန်ပျူတာဌာန၊ D.S.A)
မဝင်းနီလာအောင်(B.Sc Hons: Maths, D.M.A LCCI)
မြေးလေး - မောင်မင်းခန့် (II C) (အထက-၂)ဒဂုံ
မြေးထွေး - မောင်လင်းနိုင်သူ

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၄-၁-၂၀၀၄နေ့တွင် နိုင်ငံတော်မှ ချီးမြှင့်သော(အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ)ဘွဲ့တံဆိပ်တော်ကို ထပ်မံရရှိသော သီဟသုဓမ္မမဏိဇောတဓရ **ဦးမောင်မောင် (ဥက္ကဋ္ဌ)** (ASIA EXPRESS CO.,LTD)အတွက် ငယ်သူငယ်ချင်းများက များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အသက်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ရူပဗေဒကျောင်းသား၊ ကျောင်းသူများ
ရန်ကုန်တက္ကသိုလ် ၁၉၇၂-၇၇။



HONEY MOON
CAR RENTAL

မြို့တွင်း/ပြင်၊ လချုပ်၊ ကားမျိုးစုံနှင့်လုပ်ငန်းသုံးကားများငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း-၂၈၇၁၂၉၊ ၂၄၀၈၃၂၊ ၀၉၅၀၁၈၈၆၇။

ရွှေဝယ်ရင်
ကြည်ကြည်မှိုင်းရွှေဆိုင်
စိတ်ချရတယ်

ရွှေနန်းကျင် ဘုရားဖူးခရီးဆောင်ရေး

Contact Lens
ဒါ(လ်)မင့်မျက်မှန်ဆိုင်
Ph : 707852

သင့်ရင်သွေး နားလည်လာဖို့ ရှေ့နေကြီး
ရှေ့နေ(ကြီး) ... (LL.B.)

အညာဆုံပဲဆီသန့်စစ်စစ်
နဂါးနှစ်ကောင်
ပဥ္စကူ – ဆုံဆီ
(၅)ပိဿာနှင့်အထက် မှာယူသူတိုင်းအား
အခမဲ့ အိမ်အရောက်ပို့ပေးသည်။
– ၆၆၃၃၉၃

